Vol.1., Issue 9

# The STRATEGY FIRST Times

February 22, 2016 ၁၃၇၇ ခု၊ တပို့တွဲလဆန်း (၁၄) ရက်နေ့၊ တနင်္လာနေ့ နှစ်ပတ် တစ်ကြိမ် / Digital Edition



## ဖေဖော်ဝါရီ (၁၅) မှာ STRATEGY FIRST INSTITUTE (၆) နှစ်ပြည့်

CEO PROFILE

စာ - ၇ သို့

## Jeff Bezos

Jeffery Preston 'Jeff' Bezos ဟာကမ္ဘာပေါ်မှာ အအောင်မြင်ဆုံး နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်တွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံး အွန်လိုင်းရောင်းဝယ်ရေး ဝက်ဘ်ဆိုက် Amazon.com ကို စတင်တည်ထောင်သူနဲ့ လက်ရှိ CEO လည်း ဖြစ်ပါတယ်။ Jeff Bezos ဟာ အွန်လိုင်းရောင်းဝယ်ရေး လုပ်ကိုင်နေသူအားလုံးရဲ့စံပြပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ မကြာသေးခင်ကမှ washingtin post သတင်းစာတိုက်ကို ဝယ်ယူခဲ့တဲ့ Jeff Bezos ဟာ ကမ္ဘာ့အချမ်းသာဆုံးသူများစာရင်းမှာလည်း ပါဝင်နေပါတယ်။

Jeff Bezos ကို ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှာ Albuquerque မြို့မှာ မွေးဖွားခဲ့ပါတယ်။ မွေးပြီး မကြာသေးခင်မှာပဲ မိဘနှစ်ဦး ပြတ်စဲခဲ့ကြပြီး မိခင်ဖြစ်သူရဲ့နောက်အိမ်ထောင်ဖြစ်တဲ့ Mike Bezos နဲ့အတူ Houston၊ Texas ကို ပြောင်းရွှေ့ခဲ့ရပါတယ်။



## အောင်မြင်ခြင်းရဲ့ သော့ချက်များ

စာ - ၉ သို့



MOVIE REVIEW

## CREED

စာ - ၆ သို့



## နံနက်တိုင်း သံပုရာရည်သောက်ခြင်းကြောင့် ရနိုင်မယ့် အကျိုးကျေးဇူးများ

စာ - ၁၄ သို့



သံပုရာသီးနဲ့ သံပုရာရည်တို့ဟာ Vitamin C ၊ Vitamin A၊ folate နဲ့ သံဓာတ်တွေလို အာဟာရဓာတ်တွေ ကြွယ်ဝစွာပါဝင်တာကြောင့် ကျန်းမာရေး အကျိုးကျေးဇူးတွေ အများကြီး ပေးစွမ်းနိုင်ပါတယ်။

နံနက်နိုးနိုးချင်း ရေသောက်တဲ့အခါမှာ သံပုရာသီးကို အရည်ညှစ်ထည့်ပြီး သောက်မယ်ဆိုရင် ရရှိလာနိုင်မယ့် ကျန်းမာရေးအကျိုးကျေးဇူးတွေကို ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

# STRATEGY FIRST INSTITUTE နဲ့ Myanmar Retailer Association တို့ပူးပေါင်းပြီး လက်လီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများစတင်ဖွင့်လှစ်

**SFJ Team**

ဖွံ့ဖြိုးတိုးတက်လာသော လက်လီကဏ္ဍအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (Myanmar Retailer Association) နဲ့ **STRATEGY FIRST INSTITUTE** တို့ပူးပေါင်းကာ Effective Supervisory Skills for Retail Services သင်တန်းအပတ်စဉ် (၁) ကို ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ စတင်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ လက်လီလုပ်ငန်းများမှ မန်နေဂျာများ၊ Supervisor များ၊ လက်လီလုပ်ငန်းစီမံခန့်ခွဲမှုပိုင်းကို Professional ပြောင်းလဲလုပ်ကိုင်လိုသူများ အတွက် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားနိုင်မည့် စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားပေးသွားမှာဖြစ်ပါတယ်။

သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို မြန်မာနိုင်ငံ လက်လီလုပ်ငန်းရှင်များအသင်း၊ ပညာရေးကဏ္ဍဥက္ကဌဒေါ်ဝေသစ်လွင်က "လက်လီရောင်းချရေးလုပ်ငန်းများ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နဲ့ ခေတ်သစ်လက်လီ ရောင်းချရေးလုပ်ငန်းစုဆိုင်ရာအသိပညာများလေ့လာနိုင်ရန်ဖြစ်တယ်" လို့ ပြောကြားခဲ့ပါတယ်။

Strategy First Institute က MD/ Principal ဆရာဦးအောင်ချစ်ခင်က "အခုလိုမျိုးအသင်းကြီးနဲ့ ပူးပေါင်းဖွင့်လှစ်ခွင့်ရတဲ့ အတွက် ဝမ်းသာပါတယ်။ နောက်ပိုင်းမှာလည်းသင်တန်းတွေကိုမြန်မာနိုင်ငံရဲ့လိုအပ်နေတဲ့မြို့ကြီးတွေမှာ ဆက်လက်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

သင်တန်းကို တစ်ပတ် (၂) ရက် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းချိန်မှာ ဗုဒ္ဓဟူးနေ့ ညနေ (၆) နာရီမှ (၈) နာရီခွဲ၊ စနေနေ့ (၁) နာရီမှ (၄) နာရီအထိဖြစ်ပါတယ်။ သင်တန်းကာလမှာ (၂) လခွဲကြာမြင့်ပါတယ်။

Effective Supervisory Skills for Retail Services သင်တန်းပြီးဆုံးပါက certificate ကို **STRATEGY FIRST INSTITUTE** နဲ့ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းတို့က ပူးပေါင်းချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

သင်တန်းပြီးဆုံးသောအခါမှာလည်းလက်လီလုပ်ငန်းကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မှာဖြစ်ပါတယ်။ လက်လီကဏ္ဍအတွက် လိုအပ်သော စီမံခန့်ခွဲမှုသင်တန်းများ၊ အရောင်းပိုင်းဆိုင်ရာသင်တန်းများ၊ ဝန်ဆောင်မှုသင်တန်းများ၊ လက်လီလုပ်ငန်းရှင်များအတွက် စီမံခန့်ခွဲမှုသင်တန်းများကိုလည်းဆက်လက်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။





Effective Supervisory Skills for Retail Services သင်တန်းတွင် သင်ကြား ပေးမယ့် ခေါင်းစဉ်များမှာ

- Understanding Retail Business
- Retail Management Concepts
- Category Management
- Retail Selling Process – Cross Selling and Up-Selling
- Customer-focused Selling Principles
- Customer Service Principles
- Customer Loyalty and Relationship Marketing
- Teamwork & Internal Service Quality in Customer Service
- Problem Solving Skills
- Service Recovery: Handling Complaints
- Effective Decision Making
- Negotiation and Persuasion
- Coaching and Counseling
- Basic Project Management
- Monitoring, Control and Evaluation
- Implementing Change
- Introduction to Financial Management
- Time and Stress management
- Personal Grooming and Etiquette

တို့ဖြစ်ပါတယ်။ ■

The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Ko Ko

**Senior Reporter/ Assistant Editor**
Naing Naing Zaw

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# STRATEGY FIRST INSTITUTE နာယက ပါမောက္ခ ဒေါက်တာဒေါ်လှမြင့်

**ဝဣ**

**STRATEGY FIRST INSTITUTE** ရဲ့ နာယကကြီးတစ်ဦးဖြစ်တဲ့ အငြိမ်းစားပါမောက္ခ ဆရာမကြီး ဒေါက်တာ ဒေါ်လှမြင့် (စီးပွားရေး တက္ကသိုလ်၊ Department of Commerce) ကို **STRATEGY FIRST Times** ကနေ မိတ်ဆက်ပေးချင်ပါတယ်။

ဆရာမကြီးဟာ ၁၉၅၄ ခုနှစ်မှာ 1st Division နဲ့ ၁၀ တန်းကိုအောင်မြင်ခဲ့ပြီး နိုင်ငံတော်က ချီးမြှင့်တဲ့ ပညာသင်ဆုရရှိခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်မှာ ဆရာမကြီးဟာ ကာကွယ်ရေးတပ်က ဗိုလ်ကြီးအောင်ညွန့်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ရန်ကုန်စီးပွားရေး တက္ကသိုလ် ကနေ B.Com ဘွဲ့ကိုရရှိခဲ့ပါတယ်။ B.Com, Hons တန်းတက်နေရင်းနဲ့ စာမေးပွဲဝင်ဖြေခဲ့ပြီးတော့ Department of Commerce (ဝါဏိဇ္ဇဗေဒဌာန) မှာ အလုပ်ရခဲ့ပြီး ၁၉၆၀ ခုနှစ်မှာ Honours Degree ကို ရရှိခဲ့ပါတယ်။

ပြီးတဲ့အခါမှာ ဆရာမကြီးဟာ အလုပ်ထွက်ပြီးတော့ ပြင်ဦးလွင်၊ စစ်တက္ကသိုလ်၊ ဘောဂဗေဒဌာနမှာ Senior Tutor အနေနဲ့ တာဝန်ယူခဲ့ပါတယ်။ ၁၉၆၇ နဲ့ ၁၉၆၈ ခုနှစ်တွေမှာ UNESCO က ပညာသင်ဆုကို ရရှိခဲ့ပြီးတဲ့နောက်မှာ အမေရိကန်နိုင်ငံမှာသွားရောက်ပြီးတော့ Audit Course တွေကို Semester (၂) ခုစာ တက်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံကိုပြန်ရောက်ပြီးတဲ့နောက်မှာ စီးပွားရေးတက္ကသိုလ်၊ Department of Commerce မှာပဲ Tutor ပြန်လုပ်ခဲ့ပါတယ်။

ဆရာမကြီးဟာ ၁၉၈၀ ခုနှစ်မှာ M.Com ဘွဲ့ကိုရရှိခဲ့ပါတယ်။ ဒီကမှတစ်ဆင့်ရာထူးအဆင့်အဆင့် တက်ခဲ့ပြီးတော့ ၁၉၉၉ ခုနှစ်မှာ ပါမောက္ခဌာနမှူးရာထူးနဲ့ သက်ပြည့်အငြိမ်းစားယူခဲ့တာဖြစ်ပါတယ်။



ဆရာမကြီးက ပြည်တွင်းမှာ Research Paper စာတမ်းပေါင်းများစွာ ပြုစုရေးသားခဲ့ပါတယ်။ အဲဒီထဲကမှ အထင်ကရဖြစ်ခဲ့တဲ့တစ်ခုကတော့ UN (United Nations) က မြန်မာနိုင်ငံရဲ့ Education Sector Study (ESS) ပြုလုပ်ဖို့ Project ကြီး တစ်ခုချပေးခဲ့တဲ့အခါမှာ ဆရာမကြီးက ပါဝင်ခဲ့တာဖြစ်ပါတယ်။ Project မှာ ဆရာမကြီးက Employer Perception of Input on Universities ခေါင်းစဉ်နဲ့ စာတမ်းပြုစုရေးသားခဲ့တာဖြစ်ပြီး စာတမ်းကို UN က ထုတ်ဝေခဲ့ပါတယ်။

ဂျပန်နိုင်ငံကအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ The Sasakawa Peace Foundation က ထုတ်ဝေထားတဲ့ How A Market Economy Works ( ဈေးကွက်စီးပွားရေးစနစ် ဘယ်လိုအလုပ်လုပ်သလဲ) ဆိုတဲ့စာအုပ်ကို အာရှနိုင်ငံအများအပြားမှာထုတ်ဝေတဲ့အခါဆရာမကြီးက မြန်မာဘာသာနဲ့ ဆီလျော်အောင် ဘာသာပြန်ကာ ရေးသားခဲ့ပါတယ်။ အဲဒီစာအုပ်ဟာ မြန်မာနိုင်ငံအခြေခံပညာရေးစနစ်တက္ကသိုလ်ဝင်တန်း ဘောဂဗေဒဘာသာရပ် သင်ရိုးညွှန်းတမ်း ရေးသားဖို့အတွက် Reference စာအုပ်အဖြစ် အသုံးပြုခဲ့ပါတယ်။ ဒီစာအုပ်ကိုပဲ ပညာပေးဗီဒီယိုအဖြစ်လည်း ရိုက်ကူးခဲ့ပြီးတော့ ဆရာမကြီးကိုယ်တိုင်ဇာတ်ညွှန်းရေးသားခဲ့ပြီးတီဗီမှာထုတ်လွှင့်ခဲ့ပါတယ်။

တစ်ချိန်တုန်းက အရှေ့တောင်အာရှမှာ အကောင်းဆုံးတက္ကသိုလ်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားခဲ့တဲ့ ဆရာမကြီးက သူတို့ခေတ်တုန်းက ရန်ကုန်တက္ကသိုလ်မှာ အမေရိကန်နိုင်ငံက University of Utah ရဲ့ Exchange Program ရှိခဲ့တာကြောင့် နှစ်စဉ် အမေရိကန်နိုင်ငံက ပါမောက္ခတွေလာရောက်ပြီးတော့ သင်ကြားပေးခဲ့တယ်လို့သိရပါတယ်။

၂၀၁၅ခုနှစ်မှာရန်ကုန်စီးပွားရေးတက္ကသိုလ်က ပေးအပ်တဲ့ D.Litt (Doctor of Literature) ဂုဏ်ထူးဆောင် ပါရဂူစီးပွားရေးပညာရှင်ဘွဲ့ကိုရရှိခဲ့ပါတယ်။ ဆရာမကြီးဟာ ဗြိတိန်နိုင်ငံက ပေးအပ်တဲ့ FABE(UK) ဂုဏ်ထူးဆောင်ဘွဲ့ကိုလည်း ရရှိခဲ့သူတစ်ယောက်လည်းဖြစ်ပါတယ်။

သမီးတစ်ယောက်နဲ့ မြေးနှစ်ယောက်ရှိပြီး လက်ရှိမှာ ဆရာမကြီးဟာ အသက် ၇၈ နှစ်ရှိပြီဖြစ်ပေမယ့် **STRATEGY FIRST INSTITUTE** မှာ Business Management & Administration ဘာသာရပ်ကိုလည်း သင်ကြားနေပါတယ်။

The STRATEGY FIRST Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/8 page H (9 in x 2 in) | - | 50,000 ks |
| 1/8 page V (4.3 in x 3.5 in) | 25,000 ks | - |
| 1/4 page H (9 in x 3.5 in) | 50,000 ks | 90,000 ks |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | 90,000 ks |
| Half-page (9 in x 7 in) | 100,000 ks | 160,000 ks |
| Full-page (9 in x 15 in) | 200,000 ks | - |

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟောသဆဲ (Student Services Manager) 09 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းဈေး ၂၂၀၀ ကျပ်

ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်
ရန်ကုန် အိမ်အရောက် ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68




လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။
ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# အချစ်က ဘဝအတွက် အရေးကြီးလား ?



**ဒေါ်နန်းရွှေရည်**
**MBA (Deakin)**

အချစ်က ဘဝတစ်ခုလုံးနဲ့ ယှဉ်ရင်တော့ အရေးမကြီးဘူးပေါ့။ ဒါပေမဲ့ အိမ်ထောင်ပြုမယ့်သူတွေအတွက်တော့ စစ်မှန်တဲ့အချစ်က အခြေခံအုတ်မြစ်အနေနဲ့တော့ အရေးကြီးအစိတ်အပိုင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်ဦးနဲ့တစ်ဦးနားလည်ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ အချစ်ကအရေးပါတယ်လို့ထင်ပါတယ်။ အဲဒါမှလည်း ကောင်းမွန်အောင်မြင်တဲ့ ၅၂၈ မေတ္တာကို ဆက်ပြီးတည်ဆောက်နိုင်မယ်ထင်ပါတယ်။ နားလည်ယုံကြည်မှုမှာ အခြေတည်ထားတဲ့ချစ်ခြင်းမေတ္တာမျိုးက အေးချမ်းမှုကိုဆောင်ကျဉ်းနိုင်သလို ကိုယ်ရဲ့မိသားစုဘဝကိုလည်း အမှန်တကယ်သာယာစေမှာပါ။



**ကျော်မျိုးလွင်**
**( Marketing Management)**

ကျွန်တော်အနေနဲ့ အချစ်က ဘဝရဲ့အရေးကြီးတဲ့ကဏ္ဍမှာ မပါဝင်ပါဘူး။ အသေချာစဉ်းစားလို့ အဆင့်သတ်မှတ်ရင် ဘဝရဲ့နံပါတ် (၂) လောက်မှာပဲရှိမှာပါ။ အချစ်စစ်ဆိုတာ လိုအပ်နိုင်ပေမယ့်ကိုယ့်ဘဝမှာတကယ်လုပ်သင့်လုပ်ထိုက်တာတွေအများကြီးရှိနေပါတယ်။ အိမ်ကမိဘ၊ ပတ်ဝန်းကျင်၊ သူငယ်ချင်း အသိုင်းအဝိုင်းနဲ့လက်ရှိဘဝမှာအခြေအနေတစ်ခုရထားသူက အချစ်တစ်ခုအတွက် စွန့်လွှတ်ရမယ်ဆိုရင် ဘာဆုံးဖြတ်မလဲပေါ့။ လိုအပ်ချက်တော့ရှိမယ်၊ အရေးကြီးလို့တော့ မသတ်မှတ်ပါဘူး။ ဘဝလက်တွဲဖော်အတွက် စဉ်းစားတာဆိုရင်တော့ ကိုယ်ရွေးချယ်သူက အမှန်တကယ်ချစ်နိုင်တဲ့သူတော့ ဖြစ်ရမယ်လို့ ထင်ပါတယ်။



**အောင်ကောင်းမြတ်**
**NCC**

အချစ်ကဘဝအတွက် အများကြီးအရေးကြီးတယ်လို့ ထင်ပါတယ်။ ဒီအချစ်ကပဲ ရုပ်ပိုင်းကော၊ စိတ်ပိုင်းမှာကော ခွန်အားတွေ အများကြီးပေးနိုင်တယ်လို့ ထင်ပါတယ်။ တချို့တွေဆိုရင် ဘဝက ရှင်နေရင်းနဲ့သေနေသလိုရှိသလိုဘဝရဲ့တိုးတက်အောင်မြင်ရေးမှာလည်း စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတွေ ပိုင်ဆိုင်သူတစ်ယောက်အနေနဲ့ ခွန်အားတွေပြည့်နေတယ်လို့ ခံစားမိတယ်။ ဘဝလက်တွဲဖော်ကိုလည်း ရုပ်ရည်ပိုင်းထက်စိတ်ဓာတ်ပိုင်းပြည့်ဝသူ၊ EQ ပိုင်းမြင့်တဲ့သူကို အမှန်တကယ် ချစ်ခြင်းမေတ္တာနဲ့ နားလည်နိုင်သူလို့ ရည်မှန်းထားတယ်။



**သူရိန်ထွန်း**
**( Sales and Sales Management)**

အချစ်ဆိုတာ အားဆေးတစ်ခွက်လို့ထင်ပါတယ်။ ကမ္ဘာလောကကြီးကိုအချစ်မေတ္တာနဲ့စခဲ့တယ်လို့ထင်ပါတယ်။ အချစ်မေတ္တာနဲ့ ပြည့်နေတဲ့အိမ်လေးတစ်လုံးကိုဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး။ အချစ်ကလောကကြီးကိုအလှဆင်နိုင်သလို လောကကြီးကို ဖျက်ဆီးနိုင်ပါတယ်။ အစွန်းရောက်တဲ့ ချစ်ခြင်းမျိုးမဟုတ်ဘဲ သူကော၊ ကိုယ်ကော၊ ပတ်ဝန်းကျင်မှာ ပျော်ရွှင်တဲ့ချစ်ခြင်းမျိုးနဲ့ ဘဝကိုရင်ဆိုင်ဖြတ်သန်းပြီးလောကအလှဆင်နိုင်တဲ့လူတစ်ယောက်ဖြစ်အောင်ကြိုးစားချင်တယ်။ အခု ကျွန်တော်အချစ်ရဆုံးကတော့အမေပါ။ အဲလိုပဲအမေတွေချစ်တဲ့ ချစ်ခြင်းမေတ္တာမျိုး လူတိုင်းထားနိုင်မယ်ဆိုရင် လောကကြီးကလှနေမှာပါ။



**မြင့်မြင့်သူ**
**( Business Management & Administration )**

အချစ်ဆိုတာ ဘဝအတွက် အရေးမကြီးပေမယ့် မေတ္တာတရားကတော့အရေးကြီးပါတယ်။ အချစ်က ကိုယ့်ကျိုးအတွက်ကြည့်ပြီးဆုံးဖြတ်တတ်ပေမယ့်မေတ္တာကတော့ အေးချမ်းမှုကိုဖြစ်စေပါတယ်။ လူတိုင်းမှာအချစ်ထက်မေတ္တာက ပိုအရေးကြီးမယ်လို့ ထင်ပါတယ်။ မေတ္တာရှိရင်သူငယ်ချင်းပဲဖြစ်ဖြစ်တခြားသူတစ်ဦးနဲ့ relationship တည်ဆောက်တဲ့နေရာမှာလည်း ပိုပြီးအဆင်ပြေသွားမယ်လို့ ထင်ပါတယ်။ ၅၂၈ ကတော့ အအေးချမ်းဆုံးမေတ္တာဖြစ်လို့လူတိုင်းအတွက်အရေးကြီးတဲ့နေရာမှာရှိနေမှာပါ။



**ထက်ဆန်နီ**
**(Strategic Management)**

ဘဝတစ်ခုလုံးအနေနဲ့ ပြောရမယ်ဆိုရင် အချစ်က အရမ်းအရေးကြီးတဲ့နေရာမှာမရှိပါဘူး။ ဒါပေမဲ့ အခြေအနေနဲ့အချိန်အခါအပေါ်လိုက်ပြီးတစ်ဦးနဲ့တစ်ဦးကတော့ ခံစားမှုမတူညီနိုင်ကြပါဘူး။ အချစ်မှာ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံနိုင်ပါဘူး။ သံယောဇဉ်၊ နားလည်ယုံကြည်မှုနဲ့ အားကိုးမှု တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ၅၂၈ရော၊၁၅၀၀ရောသူဟာနဲ့သူကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေတယ်လို့ မြင်ပါတယ်။



**ခိုင်ချမ်းပြည့်**
**( Business Management & Administration )**

Valentine's Day ကနိုင်ငံတကာမှာ ခေတ်စားနေတဲ့နေ့လေးတစ်နေ့ပါ။ လက်ဆောင်တွေပေးကြ၊ ချောကလက်တွေစားကြ၊ လျှောက်လည်ကြနဲ့ ချစ်သူရှိတဲ့ သူတိုင်း ကိုယ့်အတွေးနဲ့ကိုယ်အလုပ်ရှုပ်နေကြတာပါ။ မုန်းတာနဲ့စာရင်ချစ်တာက လူတိုင်းအတွက် ကောင်းပါတယ်။ အချစ်က ဘဝအတွက် အရေးကြီးလားဆိုတော့ကိုယ်ပိုင်အယူဆပါပဲ။ ချစ်သူနဲ့မှမဟုတ်ဘူး။ ဒီလိုနေ့မျိုးမှမဟုတ်ဘူး နေ့တိုင်းချစ်ခြင်းမေတ္တာနဲ့နေနိုင်ရင် အကောင်းဆုံးပါ။ ကျွန်မကတော့ ခင်ပွန်း၊ မာမားနဲ့ ချောကလက်တွေ စားပြီးသွားပြီ၊ လက်ဆောင်လည်းရပြီးသွားပြီဆိုတော့ပျော်ရွှင်နေပါတယ်။



**အောင်ချမ်းဇော်**
**( Travel and Tourism Management )**

အချစ်ဆိုတာ ဘဝအတွက် အရေးကြီးပါတယ်။ လူတိုင်းက အချစ်ရှိကြတာပါပဲ။ ဘာလို့လဲဆိုတော့ သူမရှိဘဲနဲ့ရှင်သန်လို့မရတာတွေရှိနိုင်တယ်လို့ယူဆမိတယ်။ ၅၂၈ ပဲဖြစ်ဖြစ် ၁၅၀၀ ပဲဖြစ်ဖြစ် သူဟာနဲ့သူတော့ အရေးကြီးတယ်လို့ထင်ပါတယ်။ မိဘတွေဆိုရင်လည်း ၁၅၀၀ နဲ့စကြပြီးမှ သားသားမီးမီးတွေမွေးပြီး ၅၂၈ ကို ပြန်လည်မွေးဖွားကြတာလို့ မြင်မိတယ်။ ဒါကြောင့် အချစ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းတစ်ခုပဲ။ မိဘကပဲဖြစ်ဖြစ်၊ သားသမီးကပဲဖြစ်ဖြစ်၊ သူငယ်ချင်းအချင်းချင်း ကြားမှာပဲဖြစ်ဖြစ် စစ်မှန်တဲ့ချစ်ခြင်းမေတ္တာလိုပါတယ်လို့ ထင်ပါတယ်။

SFJ Team

# ကမ္ဘာကျော်ဂုတ်ထိပ်တံတား

ယနေ့အချိန်မှာ အစိုးရက ခရီးသွားတွေ သွားလာလည်ပတ်ဖို့ ခွင့်ပြုခဲ့တဲ့အတွက် မန္တလေး – လားရှိုး ရထားလမ်းပေါ်မှာ တည်ရှိတဲ့ ဂုတ်ထိပ်တံတားကို ခရီးသွားတွေဟာ တကူးတက သွားရောက် လည်ပတ်နေကြပါတယ်။ ဂုတ်ထိပ်တံတားရဲ့တည်ဆောက်တဲ့ သဏ္ဍာန် ဆန်းကြယ်ပုံ၊ ပတ်ဝန်းကျင်ရှုခင်းတွေ သာယာလှပပုံတွေကြောင့် ကမ္ဘာကျော်နေရာတစ်ခု လည်းဖြစ်ပါတယ်။

လူမှုကွန်ရက်စာမျက်နှာတွေမှာ ဂုတ်ထိပ်တံတားဆီသို့အရောက်သွားကြသူတွေရဲ့တံတားသံလမ်းပေါ်မှာလမ်းလျှောက်နေကြပုံတွေ၊ဂုတ်ထိပ်တံတားနဲ့အတူအမှတ်တရရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာ မရောက်ဖူးတဲ့ ခရီးသွားတွေအတွက် ဂုတ်ထိပ်တံတားဆီသို့ သွားရောက်ဖို့ စိတ်အားထက်သန်စေမှာကိုခန့်မှန်းရနိုင်ပါတယ်။



ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်ပြီး မန္တလေး – လားရှိုးလမ်း၊ နောင်ချိုဘူတာအလွန် (၇) မိုင်အကွာမှာ တည်ရှိပါတယ်။ ၁၉၀၀ ပြည့်နှစ်မှာ ဂုတ်ထိပ်တံတား တည်ဆောက်လို့ ပြီးစီးခဲ့ပေမယ့် စတင်အသုံးပြုတာတော့ ၁၉၀၃ ခုနှစ်ရောက်မှာဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားကို ဗြိတိသျှအစိုးရဟာ တခြားမီးရထားလမ်းတံတားတွေလိုမျိုး မြစ်ချောင်းတွေကို ဖြတ်ကျော် တည်ဆောက်ထားတာမျိုး မဟုတ်ဘဲ ပေ ၃၀၀ ကျော် နက်စောက်တဲ့ လျှိုကြီးနှစ်ဖက်ကို ဖြတ်သန်းတည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။

ဂုတ်ထိပ်တံတားကြီးရဲ့အရှည် ပေ ၂၂၆၀ ရှိပြီး တံတားကြီးဟာ ပေ ၁၀၀၀ ကျော်လောက် မြင့်မားပါတယ်။ ဂုတ်ထိပ်တံတားဆောက်လုပ်ရာမှာ ခဲရာခဲဆစ်ဆောင်လုပ်ခဲ့ရခြင်းဖြစ်ပါတယ်။

ဂုတ်ထိပ်တံတား ပေါ်ပေါက်လာပုံက ၁၈၈၇ ခုနှစ်မှာ မြန်မာနိုင်ငံကို သိမ်းပိုက်ထားပြီးဖြစ်တဲ့ ဗြိတိသျှအစိုးရဟာ မန္တလေးကနေ အထက်ရှိ ဗန်းမော်ကို မီးရထားလမ်းဖောက်လုပ်ရာမှာ မန္တလေးကနေကွမ်းလုံဘက်သို့လည်းမီးရထားလမ်းဖောက်လုပ်ဖို့ လိုအပ်တာကို တွေ့ရှိခဲ့ကြပါတယ်။ ဒါကြောင့် ဗြိတိသျှအစိုးရက ဂုတ်ထိပ်တံတားကို စတင်ဆောင်လုပ်ဖို့ ဆုံးဖြတ်ချခဲ့ပါတယ်။

ဂုတ်ထိပ်တံတားမှာ မန္တလေးမှ ကွမ်းလုံရထားလမ်းကြောင်းရှိ နောင်ချိုဘူတာ အလွန်တောင်ထိပ်နှစ်ခုကို ဆက်သွယ်တည်ဆောက်ခဲ့ကြပါတယ်။ ဂုတ်ထိပ်တံတားဆောက်လုပ်ရာမှာ ဗြိတိသျှအစိုးရဟာ အမေရိကန်ကုမ္ပဏီကို ငှားရမ်းဆောက်လုပ်စေခဲ့တာ ဖြစ်ပါတယ်။



ဂုတ်ထိပ်တံတားဟာ ဗြိတိသျှအစိုးရအတွက်နယ်မြေတူသတ္တုတွင်းတူးဖော်ရေးလုပ်ငန်းရဲ့ သယ်ယူပို့ဆောင်ရေးအတွက်အလွန်အရေးပါခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ဖက်စစ်ဂျပန်တွေကိုမဟာမိတ်တပ်တွေတိုက်ထုတ်ခဲ့ရာမှာဂုတ်ထိပ်တံတားလည်းပျက်စီးတဲ့ဒဏ်ကို ခံခဲ့ရပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်မှာ ဂုတ်ထိပ်တံတားကို မြန်မာ့မီးရထားဌာနက ပြန်လည်ပြင်ဆင်ခဲ့ပြီး ၁၉၅၁ ခုနှစ်မှာ တံတားပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။

ဂုတ်ထိပ်တံတား တည်ဆောက်တဲ့ နည်းပညာနဲ့ သဘာဝပတ်ဝန်းကျင်လှပမှုကြောင့် ကမ္ဘာကျော် နေရာတစ်ခု ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံရဲ့အမြင့်ဆုံးတံတားအဖြစ် သမိုင်းမှတ်တိုင်တင်ထားခဲ့ပါတယ်။ ■






# CREED

SFJ Team






ဒီတစ်ပတ်မှာတော့ ၂၀၁၅ ခုနှစ်အဆုံးပိုင်းမှာထွက်ရှိခဲ့ပြီး ရုပ်ရှင်ဆုပေါင်းများစွာ သိမ်းပိုက်နိုင်ခဲ့တဲ့ Creed ရုပ်ရှင်ရဲ့အကြောင်းကို ဖော်ပြပေးချင်ပါတယ်။

ဒီကားကနာမည်ကျော်လက်ဝှေ့ရုပ်ရှင်ကား Rocky ရဲ့နောက်ဆက်တွဲဇာတ်ကားတစ်ကားလည်းဖြစ်ပါတယ်။ Rocky ကတော့ လူတိုင်းကြားဖူး ကြည့်ဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။ ၁၉၇၆ပြည့်နှစ်ကစထွက်ခဲ့ပြီးဂန္တဝင်မင်းသားကြီး Sylvester Stallone ကိုယ်တိုင်ရေးသားထားပြီး ကိုယ်တိုင်သရုပ်ဆောင်ခဲ့တဲ့ရုပ်ရှင်ဖြစ်ပါတယ်။အခုCreed ဇာတ်ကားဟာ Rocky ရဲ့ (၇) ကားမြောက်နောက်ဆက်တွဲဇာတ်ကားဖြစ်ပေမယ့် အရင်တုန်းက ဇာတ်လမ်းတွေလို Rocky(Stallone) အကြောင်းမဟုတ်ပါဘူး။ ဒီတော့ တကယ်လို့ Rocky ကားတွေတစ်ကားမှမကြည့်ဘူးတဲ့သူတွေဆိုရင်လည်းဒီဇာတ်ကားကိုကြည့်ရင်နားမလည်စရာသိပ်မရှိပါဘူး။ဒါပေမဲ့ Rockyတွေမကြည့်ဖူးတဲ့လူတွေအတွက် Creed နဲ့ Rocky ကားတွေရဲ့ ဆက်စပ်မှုကို ပြောရမယ်ဆိုရင် Rocky မှာတုန်းက ကမ္ဘာ့လက်ဝှေ့ချန်ပီယံဖြစ်ခဲ့တဲ့ Apollo Creed ကို Rocky က စိန်ခေါ်ခဲ့ပါတယ်။ အစပိုင်းမှာ Rocky က အကောင်လည်းပိုကြီး၊ အတွေ့အကြုံလည်းပိုများပြီးကမ္ဘာ့ချန်ပီယံဖြစ်နေတဲ့ Apollo Creed ကို မယှဉ်နိုင်ခဲ့ပေမယ့် အပြင်းအထန် လေ့ကျင့်ကြိုးစားအားထုတ်ပြီးတဲ့နောက်မှာတော့ အလဲထိုးနိုင်ပြီး ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပါတယ်။ ကံမကောင်းစွာနဲ့ဘဲ Apollo Creed ဟာနောက်ပိုင်းမှာ လက်ဝှေ့ထိုးရင်းပဲ သေဆုံးခဲ့ရပါတယ်။

ဒီမှာ Creed ဇာတ်ကားအကြောင်းစပါပြီ။ မင်းသားကြီး Sylvester Stallone က အသက်အရွယ်ကြီးနေပြီး လက်ဝှေ့မထိုးတော့ဘဲ စားသောက်ဆိုင်လေးဖွင့်စားနေတဲ့ Rocky Balboa အဖြစ်သရုပ်ဆောင်ထားပြီး Apollo Creed ရဲ့ သား Adonis Creed အဖြစ် Michael.B.Jordan က သရုပ်ဆောင်ထားပါတယ်။ ရုပ်ရှင်ကိုရိုက်ကူးခဲ့တဲ့ ဒါရိုက်တာကတော့ Ryan Coogler ဖြစ်ပါတယ်။

ငယ်ငယ်ကတည်းက အထိုးအသတ်ဝါသနာပါခဲ့တဲ့ Adonis ဟာ အဖေကိုမွေးကတည်းကမသိခဲ့ရပေမယ့် လက်ဝှေ့သမားပဲ ဖြစ်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့မွေးစားအမေကတော့ သူ့အဖေလိုမျိုး မဖြစ်စေချင်ခဲ့တာကြောင့် ပညာတတ်တစ်ယောက်ဖြစ်အောင်ပဲ ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ လက်ဝှေ့ပဲထိုးချင်ခဲ့ပေမယ့် သူနေတဲ့မြို့မှာ သူ့ကို သေချာသင်ပေးမယ့် လူမရှိတာကြောင့် Rocky ရှိတဲ့ Philadelphia ကိုပြောင်းရွှေ့ခဲ့ပြီး Apollo Creed ရဲ့သားမှန်းမသိအောင်လည်းနာမည်ကို ပြောင်းခဲ့ပါတယ်။ Philadelphia ကိုရောက်တဲ့အခါမှာ လက်ဝှေ့လေ့ကျင့်ပေးဖို့အတွက် သူ့အဖေရဲ့ပြိုင်ဘက်ဟောင်း Rocky ကိုပြောခဲ့ပေမယ့် မကျင့်ပေးခဲ့ပါဘူး။ နောက်ပိုင်းမှာမှ Rocky က သူ့ကိုလေ့ကျင့်ပေးပြီးတဲ့နောက်မှာ မြို့ထဲကလက်ဝှေ့သမားတွေနဲ့ထိုးပြီးအနိုင်ရရှိခဲ့ပါတယ်။ ဒီအချိန်မှာ Apollo Creed ရဲ့သားမှန်းလူတွေသိသွားကြပြီးတော့ ကမ္ဘာ့ချန်ပီယံဖြစ်တဲ့သူ Ricky Conlan က Adonis ကိုအနိုင်ရမယ်လို့တွက်ထားပြီး ထိုးဖို့အတွက် စိန်ခေါ်ပါတော့တယ်။

Adonis က လက်ဝှေ့ချန်ပီယံဟောင်း Rocky Balboa ရဲ့ သေချာလေ့ကျင့်ပေးမှုအောက်မှာ အပြင်းအထန်ကြိုးစားခဲ့ပါတယ်။ ပြိုင်ပွဲနီးလာတဲ့အခါမှာ ကံကြမ္မာအလှည့်အပြောင်းတွေကြုံရပုံ၊ Rocky Balboa နေမကောင်းဖြစ်ပုံ၊ Adonis နဲ့ သူ့အောက်ထက်အခန်းမှာနေတဲ့ အဆိုတော်ကောင်မလေးအကြောင်းနဲ့ ပြိုင်ပွဲကို ဘယ်လိုယှဉ်ပြိုင်ခဲ့လည်းဆိုတာကို ဒီဇာတ်ကားမှာစိတ်လှုပ်ရှားဖွယ်ရာရိုက်ကူးတင်ဆက်ထားတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

Creed ဇာတ်ကားဟာရုပ်ရှင်ဝက်ဘ်ဆိုက်အများအပြားမှာ rating အများကြီး ပေးခံထားရပါတယ်။ IMDb.com က ၇ ဒသမ ၉၊ Rotten Tomatoes က ၉၄% နဲ့ Metacritic က ၈၂% စီအမှတ်ပေးထားပါတယ်။ ရုပ်ရှင်ဆုတွေလည်းရခဲ့ပြီးတော့ Sylvester Stallone က Golden Globe Award မှာ Best Supporting Actor ဆု၊ Michael .B. Jordan က NAACP Award for Outstanding Actor ဆုတို့အပြင် ဆုပေါင်း (၆) ဆုလောက်ရရှိထားပါတယ်။ Rocky ရုပ်ရှင်တွေဟာ အခုဆိုရင် စထွက်တာ နှစ် ၄၀ တောင်ရှိပြီဆိုပေမယ့် လူတွေအားလုံးကို ဆွဲဆောင်နေတုန်းပဲဖြစ်ပါတယ်။ Rocky ရဲ့ generation ပြီးသွားတဲ့အခါမှာနောက်မျိုးဆက်သစ်ရဲ့ hero အနေနဲ့ Adonis Creed ကိုလက်ဆင့်ကမ်းခဲ့ပုံကို ပီပြင်အောင် ဒါရိုက်တာ Ryan Coogler က ရိုက်ကူးတင်ဆက်ထားတာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို လူငယ်တွေအနေနဲ့ ကိုယ်ဖြစ်ချင်တဲ့အရာ၊ ရောက်ချင်တဲ့ပန်းတိုင်ကို သွားရာလမ်းမှာဘယ်လိုခိုင်မာတဲ့စိတ်ဓာတ်နဲ့သွားရမယ်ဆိုတာကို အတုယူဖို့အတွက် စိတ်ဓာတ်ခွန်အားရရှိအောင်ကြည့်ရှုသင့်တယ်လို့ **STRATEGY FIRST INSTITUTE** ရဲ့ Movie Review ကဏ္ဍကနေ တိုက်တွန်းလိုက် ပါတယ်။

■



# Jeff Bezos

## ဝါ

Jeffery Preston 'Jeff' Bezos ဟာ ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံး နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်တွေထဲကတစ်ယောက် ဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံး အွန်လိုင်းရောင်းဝယ်ရေး ဝက်ဘ်ဆိုက် Amazon.com ကို စတင်တည်ထောင်သူနဲ့ လက်ရှိ CEO လည်း ဖြစ်ပါတယ်။ Jeff Bezos ဟာ အွန်လိုင်းရောင်းဝယ်ရေး လုပ်ကိုင်နေသူအားလုံးရဲ့စံပြ ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ မကြာသေးခင်ကမှ washington Post သတင်းစာတိုက်ကို ဝယ်ယူခဲ့တဲ့ Jeff Bezos ဟာ ကမ္ဘာ့အချမ်းသာဆုံးသူများစာရင်းမှာလည်း ပါဝင်နေပါတယ်။

Jeff Bezos ကို ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှာ Albuquerque မြို့မှာ မွေးဖွားခဲ့ပါတယ်။ မွေးပြီးမကြာသေးခင်မှာပဲ မိဘနှစ်ဦး ပြတ်စဲခဲ့ကြပြီး မိခင်ဖြစ်သူရဲ့နောက်အိမ်ထောင်ဖြစ်တဲ့ Mike Bezos နဲ့အတူ Houston၊ Texas ကိုပြောင်းရွှေ့ခဲ့ရပါတယ်။

မိသားစုက Miami ကိုပြောင်းရွှေ့တဲ့အခါမှာ Jeff က University of Florida မှာ ပညာသင်ကြားခဲ့ပါတယ်။ University of Florida မှာ ပညာရေးထူးချွန်မှုကြောင့် Silver Knight Award ရခဲ့ပါတယ်။

Princeton University ကိုပြောင်းရွှေ့ခဲ့ပြီး Electrical Engineering၊ Computer Science တို့ကိုသင်ကြားခဲ့ပါတယ်။ သိပ္ပံပညာနဲ့ technology ကိုငယ်စဉ်ကတည်းကစိတ်အားထက်သန်ခဲ့တဲ့လူတစ်ယောက်ဖြစ်ပါတယ်။

ကျောင်းပြီးပြီးချင်းမှာ Jeff Bezos က Wall Street က computer science နယ်ပယ်မှာ အလုပ်လုပ်ခဲ့ပါတယ်။ ကုမ္ပဏီအတွက် International Trade Network တစ်ခုကို တီထွင်ရေးဆွဲခဲ့ပါတယ်။ Jeff Bezos ရဲ့စီးပွားရေးနယ်ပယ်မှာ အောင်မြင်လာမှုက အရမ်းလျင်မြန်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်တဲ့ D E Shaw မှာအသက်အငယ်ဆုံး Senior Vice-President အဖြစ် တာဝန်ယူခဲ့ပြီးတော့ (၄) နှစ်ကြာတဲ့အခါ ၁၉၉၄ ခုနှစ်မှာတော့ Seattle မြို့ကိုပြောင်းရွှေ့ပြီး Amazon.com ကို စတင်တည်ထောင်ခဲ့ပါတယ်။ စတင်တည်ထောင်ကာစတော့ Amazon.com က အွန်လိုင်းစာအုပ်အရောင်းဆိုင်လေးတစ်ခုသာ ဖြစ်ပါတယ်။ အခုတော့ စာအုပ်တင်မဟုတ်ဘဲ ကုန်ပစ္စည်းပေါင်းများစွာကို ကမ္ဘာတစ်ဝန်းအိမ်တိုင်ရာရောက်ပို့ဆောင်ပေးတဲ့ ကမ္ဘာ့အကြီးဆုံး online retailer ကြီးတစ်ခုဖြစ်နေပါပြီ။ Bezos ဟာ D E Shaw မှာတုန်းက တွေ့ဆုံခဲ့တဲ့ MacKenzie Bezos နဲ့လက်ထပ်ခဲ့ပြီးတော့ သားသုံးယောက်နဲ့ တရုတ်ပြည်က မွေးစားထားတဲ့ သမီးတစ်ယောက်လည်း ရှိပါတယ်။

Bezos ရဲ့ဂိုထောင်ထဲမှာ စတင်ခဲ့တဲ့လုပ်ငန်းငယ်လေးက အခုဆိုရင် အင်တာနက်ရောင်းဝယ်ရေးရဲ့အထင်ကရ icon တစ်ခုဖြစ်နေပါပြီ။ e-commerce (အွန်လိုင်းကူးသန်းရောင်းဝယ်ရေး)ကို လမ်းသစ်ဖောက်ခဲ့တဲ့ Pioneer တစ်ယောက်ဖြစ်တယ်လို့ပြောလို့ရပါတယ်။

Amazon ကိုစတင်ခဲ့ပြီး (၂) နှစ်အတွင်းမှာပဲ အများပိုင်ကုမ္ပဏီအဖြစ်ပြောင်းလဲခဲ့ပါတယ်။ တဖြည်းဖြည်း တိုးတက်လာပြီးတဲ့နောက်မှာ Kindle E-book reader တွေကို ထုတ်လုပ်ရောင်းချခဲ့ပါတယ်။

Bezos နဲ့ သူ့ရဲ့ကုမ္ပဏီဟာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတွေကို ဖြစ်ပေါ်စေတဲ့အရာတွေကို တားဆီးနိုင်ဖို့လုပ်ဆောင်နေပြီးတော့ သဘာဝဘေးအန္တရာယ် ခံစားရတဲ့ဒေသတွေမှာလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။

Jeff Bezos ဟာ အမေရိကန်နိုင်ငံရဲ့ အတော်ဆုံးခေါင်းဆောင်တွေထဲကတစ်ယောက်အနေနဲ့ ၂၀၀၈ ခုနှစ်မှာ US News & World Report က ရွေးချယ်ခြင်း ခံခဲ့ရပြီးတော့ Carnegie Mellon University ကလည်း သိပ္ပံနဲ့နည်းပညာ ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ The Economist ကပေးအပ်တဲ့ Innovation Award ကို Amazon Kindle အတွက် ရရှိခဲ့ပါတယ်။

ဒေါ်လာ ၅၉ ဒသမ ၄ ဘီလီယံ ချမ်းသာကြွယ်ဝပြီးတော့ ကမ္ဘာ့ (၅) ယောက်မြောက် အချမ်းသာဆုံးဖြစ်တဲ့ Bezos ကို Harvard Business Review ကလည်း ကမ္ဘာ့ဒုတိယ အတော်ဆုံး CEO အဖြစ် သတ်မှတ်ထားပါတယ်။

■






YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို ငွေ၊ဈေးရင်းအတိုင်း မှာယူနိုင်ပြီး
မြန်မာပြည်အရောက်တန်ဖိုးမှာ = [နောက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးချိန်တစ်ပေါင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဆောင်ရမည်။)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်။
(အထူးအဖြစ် "Payments" မျိုးစုံကို 10% Charges ဖြင့်ဝန်ဆောင်မှုပေးပါမည်။)

ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။ မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အခမဲ့တွက်ချက်ပြီး ပြန်ပို့ပေးပါမည်။

မှာယူနိုင်သော ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items

ဆိုင်ခွဲ - ယင်းမာတေးသံသွင်း၊ အမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် - ၀၁-၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉-၄၅၀၀၆၆၂၄၂၊ ဦးဈေးကြီး - ၀၉-၄၃၂၀၂၀၉၀

ဤနေရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd.
HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
Ph : 01-298909, 9010528, 9010529, 09-5110376
Email : info@royalx.net, mmo@royalx.net

# Strategy First Institute

**ICM** *single subject diplomas in*

# business & management

အချိန်ရှားပါးသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အရာရှိများအတွက် နှစ်သက်ရာရွေးချယ်တက်ရောက်နိုင်သော(၆) လ သင်တန်းများ

## March - September Term မတ်လ (၁၄) ရက် စမည်။

1 Marketing Management | Saturday - 6:00 pm to 8:30 pm
Sunday – 8:30 am to 11:30 am
2 Advertising | Monday - 6:00 pm to 8:30 pm
3 Public Relations | Friday - 6:00 pm to 8:30 pm
4 Strategic Management | TBC
5 Sales & Sales Management | Tuesday - 6:00 pm to 8:30 pm
6 Business Mgt & Administration | Sunday – 3:00 pm to 5:30 pm
7 Financial Management | Sunday - 10:30 am to 1:00 pm
8 HR Management | (Session-1) Monday - 6:00 pm to 8:30 pm
(Session-2) Sunday - 6:00 pm to 8:30 pm
9 Project Management| Thursday - 6:00 pm to 8:30 pm
10 Logistics & Supply Chain Mgt | Tuesday - 6:00 pm to 8:30 pm
11 Management of Travel & Tourism Operations | Sunday - 3:00 pm to 5:30 pm
12 Marketing Research | Saturday - 6:00 pm to 8:30 pm
13 Quantitative Methods for Managers | Thursday - 6:00 pm to 8:30 pm
14 Maritime Operations | Wednesday - 6:00 pm to 8:30 pm
15 Int'l Business Communications | Sunday - 1:00 pm to 3:30 pm

Single Module Fees: 395,000 kyats
for each module,
Marketing Mgt : 420,000 kyats
ICM Registration Fees - 45 USD per year,
Exam Fees: 60 USD per module











အတန်းသစ်များ မတ်လ (၁၄)ရက်တွင်စတင်ပြီး ၂၀၁၆ ဩဂုတ်လတွင် ပြီးဆုံးပါမည်။ မိမိအတွက် လိုအပ်သော ဘာသာရပ်တစ်ခုချင်းစီကို ရွေးချယ်တက်ရောက်နိုင်ပြီး Institute of Commercial Management (ICM, UK) မှ တိုက်ရိုက်စစ်ဆေးသောစာမေးပွဲကို ဖြေဆိုအောင်မြင်ပါက Single Subject Diploma များရရှိပါမည်။

သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM
လုပ်ငန်းများနှင့်၎င်းတို့၏ ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

#8,Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

**CALL NOW: (09) 250 7171 66 ~ 68**

rifo(abm*aA')

# အောင်မြင်ခြင်းရဲ့ သော့ချက်များ






ဒီတစ်ပတ်မှာတော့ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းအရာများကို တင်ပြပေးချင်ပါတယ်။ စာရေးသူတို့တစ်တွေဟာ အောင်မြင်မှုကို လိုချင်တပ်မက်ကြပါတယ်။ အမျိုးမျိုးသော အကြောင်းကြောင်းတွေကြောင့်သာ အောင်မြင်မှုသွားရာလမ်းကြောင်းတွေက သွေဖယ်သွားကြတာပါ။ အောင်မြင်မှုဆိုတာက ဘာလဲဆိုတာ သိဖို့က အောင်မြင်ချင်သူတစ်ယောက်အတွက် လွန်စွာအရေးကြီးပါတယ်။ အောင်မြင်မှုဆိုတာ မိမိရည်မှန်းချက်ကို မိမိရယူနိုင်တဲ့အချိန်ပါပဲလို့ အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။ ဥပမာ – စာရေးသူက ငွေသိန်းတစ်ထောင်ကိုလိုချင်တယ်။ အဲဒီငွေသိန်းတစ်ထောင်ကိုရရှိတဲ့အချိန်က စာရေးသူရဲ့ အောင်မြင်မှုပါပဲ။ ထိုနည်းအတူ သာသနာ့ဥဒေါင်းဂုဏ်ဆောင် မဟာစည်ဆရာတော်ဘုရားကြီး သူ့ဘဝမှာငွေမရှိလေအောင်မြင်လေလို့သတ်မှတ်ထားရင်လည်း သူ့ဘဝမှာငွေမရှိတဲ့အချိန်က အောင်မြင်တာပါပဲ။ ဒါကရိုးရှင်းတဲ့ သာဓကတစ်ခုပါပဲ။

အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ ပထမအရေးအကြီးဆုံးက အိမ်မက်တစ်ခုရှိဖို့ လိုအပ်ပါတယ်။

## ၁။ Dream (အိပ်မက်ကြီးကြီးမက်ပါ)

စာရေးသူတို့တစ်တွေ အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ အောင်မြင်မှုတွေရလာဖို့ဆိုရင် ရည်ရွယ်ချက် (သို့မဟုတ်) အိပ်မက်ကြီးကြီးမက်ဖို့ လိုအပ်ပါတယ်။ ကိုယ်ဘာဖြစ်ချင်တာလဲ ဖြစ်ချင်တဲ့အတိုင်းဖြစ်အောင်သွားနိုင်ဖို့က အရေးကြီးပါတယ်။ စာရေးသူကတော့ dream ကိုတော့ ဒီလိုအဓိပ္ပာယ်ဖွဲ့ချင်ပါတယ်။

D = Decision (ပြီးမြောက်စေသောဆုံးဖြတ်ချက်)
R = Realistic (လက်တွေ့ကျခြင်း)
E = Eager (စိတ်အားထက်သန်သော)
A = Achievement (အောင်မြင်မှု)
M = Measurable (တိုင်းတာနိုင်သော)

လက်တွေ့ကျတဲ့ ဆုံးဖြတ်ချက်တွေကို စိတ်အားထက်သန်စွာ အကောင်အထည်ဖော်တာက တိုင်းတာနိုင်တဲ့အောင်မြင်မှုဖြစ်ပါတယ်။ လက်တွေ့ကျတယ်ဆိုတာက စာရေးသူတို့ရည်မှန်းချက်က စိတ်ကူးယဉ်မှု သက်သက်မဟုတ်ဘဲ ဖြစ်နိုင်တဲ့အကြောင်းအရာကို အကောင်အထည်ဖော်ခြင်းပါပဲ။ ပြီးတော့ စာရေးသူတို့တစ်တွေ စိတ်အားထက်သန်ဖို့က အရေးကြီးပါတယ်။ အရာရာတိုင်းမှာ စိတ်က ဦးဆောင်နေတာကြောင့် စိတ်အားမထက်သန်ရင် ရည်ရွယ်ချက်တွေကို အကောင်ထည်ဖော်နိုင်မှာမဟုတ်ပါဘူး။ ဆုံးဖြတ်ချက်တွေက ပြီးမြောက်အောင်မြင်အောင်လုပ်ဖို့ကလည်းအရေးကြီးနေပါတယ်။ စာရေးသူဆိုရင် ကိုယ်လိုချင်တဲ့အကြောင်းအရာတစ်ခုကို ပြီးမြောက်အောင်လုပ်လေ့မရှိပါဘူး။ စာရေးသူ့ရဲ့အားနည်းချက်တစ်ခုပါ။ ပြီးဆုံးအောင်လုပ်ဆောင်ခြင်းကလည်း အောင်မြင်မှုသွားရာလမ်းကို များစွာအထောက်ကူပေးပါတယ်။ ပြီးတော့ကိုယ့်ရဲ့အောင်မြင်မှုကို စဉ်ဆက်မပျက် တိုင်းတာနိုင်ရပါမယ်။

## ၂။ Believe (ယုံကြည်မှုတွေတည်ဆောက်ပါ)

ယုံကြည်မှုဆိုတဲ့နေရာမှာ နှစ်မျိုးတွေ့ရပါတယ်။ သူတစ်ပါးကိုယုံကြည်မှုနဲ့ မိမိကိုယ်ကိုယ်ယုံကြည်မှုပါပဲ။ ဒီနေရာမှာမိမိကိုယ်ကိုယ်ယုံကြည်မှုအကြောင်းကို တင်ပြချင်ပါတယ်။ အောင်မြင်မှုရဖို့ဆိုရင် ယုံကြည်မှုက မရှိမဖြစ်ပါပဲ။ မိမိကိုယ်ကိုယ်မိမိမယုံကြည်ရင်တော့ ဘာကိုမှစွမ်းဆောင်နိုင်မှာမဟုတ်ပါဘူး။ ယုံကြည်မှုပျောက်ဆုံးနေပြီဆိုရင် အားငယ်စိတ်တွေဝင်လာပါတယ်။ တစ်ဆက်တည်းမှာပဲ အားငယ်စိတ်က ကျဆုံးခြင်းဘက်ကို ဦးတည်နေပြန်ပါတယ်။

ဒီလိုမဖြစ်ရအောင် စာရေးသူတို့တစ်တွေ သတိထားရပါမယ်။ တကယ်လို့ အားငယ်စိတ်တွေဝင်လာပြီဆိုရင် ရှေ့ဆက်အခြေအနေမဆိုးအောင် အားထုတ်ဖို့လိုပါတယ်။ အားငယ်စိတ်တွေက ယုံကြည်မှုအားနည်းနေတာကနေ စီးဆင်းလာတာဖြစ်တဲ့အတွက် ကိုယ့်ရဲ့ယုံကြည်မှုတွေ တိုးပွားဖို့၊ တိုးပွားစေမယ့် အလုပ်တွေကဘာတွေလဲဆိုတာ ပြန်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ရည်ရွယ်ထားတဲ့အလုပ်တွေကိုအကောင်အထည်ဖော်ရာမှာ အခက်အခဲမပြေမှုတွေ အခက်အခဲတွေကြောင့် စိတ်ပျက်အားလျော့မှုကို ဖြစ်စေတယ်၊ ကိုယ့်ရဲ့မိသားစု၊ လူမှုဘဝဖြစ်စဉ်တွေကြောင့်စိတ်ဓာတ်ကျစေတယ်ဆိုရင်ဒါတွေကိုစိန်ခေါ်မှုတွေအဖြစ် ရှုမြင်ဖို့ တိုက်တွန်းလိုပါတယ်။ ထိုစိန်ခေါ်မှုတွေရဲ့နောက်ကွယ်မှာ အခွင့်အလမ်းတွေရှိနေသလို ရင်ကျက်မှုကို ဖြစ်ပေါ်စေတဲ့ စိတ်ဓာတ်ခွန်အားတွေလည်း ရှိနေပါတယ်။ ဒါတွေကို ခွန်အားအဖြစ် ပြန်လည်အသုံးချကာ စိတ်ဓာတ်ကျမှုကို တိုက်ထုတ်ဖို့ လိုပါလိမ့်မယ်။

ကြုံလာတဲ့အခက်အခဲတွေကိုထိုင်တွေးပြီး စိတ်ဓာတ်ကျနေတာထက်အခက်အခဲပြဿနာတွေရဲ့စတင်ရာကိုစဉ်းစားမယ်၊ အဖြေထုတ်မယ် ကိုယ့်ရဲ့ခင်မင်ရာမိတ်ဆွေအပေါင်းအသင်းတွေရဲ့ အကြံဉာဏ်တွေရအောင် ဆွေးနွေးစကားပြောဆိုသင့်ပါတယ်။ ဒီအားငယ်စိတ်ကို တိုက်ထုတ်နိုင်ပြီဆိုရင် စာရေးသူတို့တစ်တွေယုံကြည်မှုတွေ တိုးပွားလာပါလိမ့်မယ်။

## ၃။ Courage (သတ္တိမွေးပါ)

နောက်တစ်ချက်ကတော့ ဖွဲသတ္တိပါပဲ။ အောင်မြင်မှုကိုတည်ဆောက်တဲ့နေရာမှာဖွဲ့လုံ့လ မရှိဘူးဆိုရင်လည်းလိုချင်တဲ့ပန်းတိုင်နဲ့အလှမ်းဝေးနေမှာပါပဲ။ စဉ်ဆက်မပြတ်အားထုတ်ခြင်းက စာရေးသူတို့ကို အောင်မြင်မှုပန်းတိုင်ဆီကို အရောက်ပို့နိုင်မှာပါ။ မိမိဖြစ်ချင်တာကိုအဆက်မပျက်လုပ်ပါ။ တစ်စိုက်မတ်မတ်လုပ်ပါ။ ကြိုးကြိုးစားစားလုပ်ပါ။ လူဆိုတာ အလုပ်တစ်ခုကို စဉ်ဆက်မပျက်လုပ်လာပြီဆိုရင် ငြီးငွေ့စိတ်ဝင်လာတတ်ပါတယ်။ ငြီးငွေ့စိတ်တွေ များလာတာက အောင်မြင်မှုသွားရာလမ်းကို သွေဖယ်သွားတတ်ပါတယ်။ ငြီးငွေ့ခြင်းဖြစ်လာပြီဆိုရင် စိတ်ကိုအပန်းဖြေပေးဖို့ လိုအပ်ပါတယ်။ ဥပမာ – TV ကြည့်ခြင်း၊ စာဖတ်ခြင်း၊ ဂိမ်းကစားခြင်း၊ ကိုယ်ကြိုက်တဲ့သီချင်းတွေ၊ စိတ်ဓာတ်တက်ကြွစေတဲ့ ပေါ့ပါးတဲ့ဂီတသံစဉ်တွေ ခံစားဖို့လိုပါတယ်။ Albert Einstein တို့ဆိုလည်း သူတို့ရဲ့ငြီးငွေ့စိတ်တွေကို ဂီတနဲ့ဖြေလျှော့တတ် သလို အောင်မြင်ဖို့ကြိုးစားနေတဲ့ ကျွန်တော်တို့လူငယ်တွေလည်း ကိုယ်အားသန်ရာ music instrument တစ်ခုကိုတီးခတ်ပြီး စိတ်ရဲ့လွတ်လပ်မှုအရသာကို ပြန်လည်အသက်သွင်းဖို့ အကြံပြုချင်ပါတယ်။ ငြီးငွေ့မှုရဲ့အနောက်မှာ လမ်းခွဲမှုတွေရှိတဲ့အတွက် စာဖတ်သူတွေအနေနဲ့ကိုယ့်ရဲ့အောင်မြင်မှုပန်းတိုင်ကိုလျှောက်လှမ်းတဲ့နေရာမှာ ငြီးငွေ့ခြင်းတွေ မမွေးမြူမိဖို့ အထူးသတိပြုရမှာပါ။

## ၄။ Target (တိကျတဲ့အချိန်တစ်ခုသတ်မှတ်ပါ)

Target ကို စာရေးသူကတော့ smart objective လို့အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။ တိကျတဲ့ရည်ရွယ်ချက်ပါပဲ။ ရည်ရွယ်ချက်တိုင်းမှာ တိကျဖို့လိုအပ်ပါတယ်။ ဘယ်နေ့ ဘယ်အချိန်ဆိုတာကအစ တိကျနေဖို့လိုအပ်ပါလိမ့်မယ်။

Smart ကိုတော့ ....
S = Specific (တိကျသော)
M = Measurable (တိုင်းတာနိုင်သော)
A = Achievement (အောင်မြင်မှု)
R = Realistic (လက်တွေ့ကျခြင်း)
T = Time (အချိန်)

ဒီနေရာမှာ တစ်ခုပြောစရာရှိလာပြန်ပါတယ်။ Achievement နဲ့ realistic က dream နဲ့ target နှစ်ခုလုံးထဲမှာ ပါနေပါတယ်။ အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ဆိုတာ လက်တွေ့ကျဖို့ရယ် ၊ ဖြစ်နိုင်ခြေရှိတဲ့အောင်မြင်မှုရဖို့ အရေးကြီးပါတယ်။ အောင်မြင်သူတိုင်းကလည်း လက်တွေ့ကျတဲ့ ဖြစ်နိုင်ခြေရှိတဲ့အလုပ်တွေကို လုပ်လေ့လုပ်ထရှိပါတယ်။ စာရေးသူတို့တစ်တွေ အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ဆိုရင် အထက်မှာတင်ပြခဲ့တဲ့ အချက်(၄) ချက်ကိုတော့မဖြစ်မနေလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့စကားပုံလေးတစ်ခုနဲ့ စာရေးသူရဲ့ဆောင်းပါးကို နိဂုံးချုပ်ချင်ပါတယ်။ " ခုနစ်ကြိမ်လဲကျရင် ရှစ်ကြိမ်ပြန်ထနိုင်အောင် ကြိုးစားပါ " လို့ ဆန္ဒပြုတိုက်တွန်းပါတယ်။

■

# Basic Excel Tutorial 1.2

ကိုလင်းထူးအောင် (Global Link Technology)




ယခင်တစ်ပတ်က excel ribbon ကို ရှင်းပြခဲ့ပြီး ယခုတစ်ပတ်မှာတော့ ribbon ရဲ့ အောက်ဘက်ကို ဆက်လက်ရှင်းပြပေးသွားပါမယ်။

1 - Active cell - အောက်ဘက်ကဇယားကွက်ထဲမှာ အစိမ်းရောင်ခတ်ထားတဲ့ အကွက်လေးကို active cell လို့ခေါ်ပါတယ်။ လက်ရှိ click ထောက်ထားတဲ့နေရာ (သို့) cell ကွက်ကို active cell ဟုခေါ်ပါတယ်။

2 - Column header - အပေါ်ဘက်က A,B,C,D, လို့မြင်နေရတဲ့ အတန်းကိုတော့ column header ဟုခေါ်ပါတယ်။

3 - Row header - ဘယ်ဘက်အခြမ်းမှာရှိတဲ့ 1,2,3,4, ကို row header လို့ခေါ်ပါတယ်။

4 -Vertical scroll bar - ညာဘက်အခြမ်းမှာရှိတဲ့ bar ကို vertical scroll bar လို့ခေါ်ပြီး အောက်ဘက် ညာဘက်အခြမ်းမှာရှိနေတဲ့ bar ကို horizontial scroll bar လို့ခေါ်ပါတယ်။

5-Tab Bar - ဘယ်ဘက်အခြမ်းအောက်မှာရှိနေတာကတော့ tab bar ဖြစ်ပါတယ်။ Sheet name တွေကိုဖော်ပြပေးပါတယ်။ Sheet အသစ်လိုချင်တဲ့အခါမှာဘေးဘက်က (+) sign မှာနှိပ်ပြီး ယူလို့ရပါတယ်။

Name box and formula bar - ribbon ရဲ့အောက်ဘက်မှာ name box နဲ့ formula bar ကိုတွေ့နိုင်ပါမယ်။ Name box ရဲ့အလုပ်က active cell ကွက်တွေနဲ့ cell group name တွေကိုဖော်ပြပေးပြီး cell group တွေကို name ပေးတဲ့အခါမှာလည်း အလွယ်တကူ အသုံးပြုနိုင်ပါတယ်။

Formula bar ကတော့ formula ရေးသွင်းနိုင်ရုံသာမက cell ကွက်တွေထဲက data တွေကိုပါဖော်ပြပေးနိုင်ပါတယ်။ Cell ကွက်တွေထဲမှာ = 1+1 ကို 2 လို့ result မှာပြနေပေမယ့် formula Bar ထဲမှာတော့ =1+1 ဆိုတဲ့ data (သို့) formula ကိုပြပေးမှာဖြစ်ပါတယ်။

Page views and zoom function - ညာဘက်အောက်ထောင့် (သို့) horizontial scroll bar ရဲ့အောက်ဘက်မှာ page view သုံးမျိုး (print အခန်းတွင် ဆက်လက်ဖော်ပြပါမယ်။) ကိုပြထားတာတွေ့နိုင်ပြီး ၎င်း၏ဘေးမှာ zoom function ကို plus (+) sign ၊ minus (-) sign နဲ့ 100% ဆိုတဲ့နေရာမှာတွေ့နိုင်ပါတယ်။

■

## cuf , jywf , f





arouE$

ဒီတစ်ပတ်မှာတော့ ကျောင်းကန်တင်းမှာရောင်းနေပြီး လူကြိုက်များတဲ့ ginger fish ဟင်းလျာလေးရဲ့ချက်နည်း တင်ပြပေးမှာဖြစ်ပါတယ်။ ငါးချဉ်းဆော့ဆိုတဲ့နေရာမှာ ငါးအစစ်ကိုအသုံးပြုခြင်းမဟုတ်ဘဲ သက်သတ်လွတ်ငါးအသားပြားကို အသုံးပြုတာဖြစ်ပါတယ်။ ငါးအစစ်နဲ့စမ်းချက်ကြည့်ရင်လည်း ကောင်းနိုင်ပါတယ်။ ငါးအစစ်နဲ့ ချက်မယ်ဆိုရင်တော့ ငါးကို ချင်း၊ ကြက်သွန်ဖြူတို့နဲ့ အညှီနံ့ပျောက်အောင် အရင်လုပ်ရပါမယ်။

ငါးချဉ်းဆော့ပြုလုပ်ဖို့ လိုအပ်တာတွေကတော့

ငါးတုံး (၅) တုံး
ချင်းပြား (၆) ပြား
ကြက်သွန်ဖြူ (၁) တက်
ကြက်သွန်မိတ် အနည်းငယ်
ပဲငံပြာရည် လက်ဖက်ရည်ဇွန်း (၁) ဇွန်း
ပဲငံပြာရည် (အနောက်) ဇွန်း တစ်ဝက်
ခရုဆီ လက်ဖက်ရည်ဇွန်း (၁) ဇွန်း
သကြား (၁)ဇွန်း
ငရုတ်ကောင်းမှုန့် (အဖြူ) အနည်းငယ်
နှမ်းဆီ ဇွန်းတစ်ဝက်
ဟင်းသီးဟင်းရွက်မှုန့် (၂) ဇွန်း
အကြော်မှုန့် (၂) ဇွန်း

ပထမဦးဆုံး ငါးကိုပါးပါးလှီးကာ ဆား၊ ဟင်းသီးဟင်းရွက် အရသာမှုန့်တို့နဲ့ နယ်ထားပါ။ အကြော်မှုန့်ကို ရေနဲ့ပျစ်ပျစ်ဖျော်ပါ။ ငါးကို အကြော်မှုန့်ထဲမှာနှစ်ပြီး ဆီပူပူမှာ ထည့်ကြော်ပေးပါ။

ချင်းကိုပါးပါးလေးလှီးကာ အမျှင်လေးများဖြစ်အောင် အလျားလိုက်လှီးပါ။ ဒယ်အိုးထဲမှာ ဆီပူအောင်လုပ်ပြီး ဆီပူထဲတွင် ချင်းများ ရွှေအိုရောင်သန်းလာတဲ့အထိ ကြော်ပေးပါ။

**Sauce လုပ်နည်း။**

ဆီအနည်းငယ်ထည့် ၊ ကြက်သွန်ဖြူကို နုတ်နုတ်စင်းကာဆီသတ်ထားပေးပါ။ အဲဒီနောက် ပဲငံပြာရည်အကြည်၊ ပဲငံပြာရည်အနောက်၊ ခရုဆီ၊ သကြားတို့ကိုထည့်ကာရောမွှေပေးပါ။ ပြီးရင် အနံ့မွှေးမွှေးလေးရဖို့အတွက် နှမ်းဆီကိုထည့်ပေးပါ။

ဆော့ရော၊ ငါးကြော်ရော ရပြီဆိုရင်တော့ ပန်းကန်ပြားထဲမှာ ငါးကြော်ကိုဆီ ငါးပေါ်မှာ ချင်းအမျှင်လေးတွေအုပ်ပေးကာ ဆော့လောင်းချပေးပါ။ ကြက်သွန်မြိတ် ဒါမှမဟုတ် နံနံပင်အုပ်ပေးလိုက်ပါက မွှေးမွှေးချိုချိုကြွပ်ကြွပ် ငါးချဉ်းဆော့လေးကို သုံးဆောင်နိုင်ပါပြီရှင်။

ချက်နည်းကို ပံ့ပိုးကူညီပေးတဲ့ ကျောင်းကန်တင်းက ကိုသန်းဇော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီဟင်းလျာလေးကို ကျောင်းကန်တင်းမှာလည်းဝယ်ယူသုံးဆောင်လို့ရပါတယ်ရှင်။

# Sales and Sales Management



lidfid0D

ဒီတစ်ပတ်ရဲ့ Program Highlight ကဏ္ဍမှာ Sales and Sales Management ဘာသာရပ်အကြောင်းကို မိတ်ဆက်ပေးမှာဖြစ်ပါတယ်။ ယနေ့ခေတ် ၂၁ ရာစုအပြိုင်အဆိုင်ခေတ်ကြီးထဲမှာ လူတိုင်းဟာ အရောင်းစျေးသည်တွေ ဖြစ်ကြပါတယ်။ နေရာတိုင်း၊ အချိန်တိုင်းမှာလူတွေဟာရောင်းခြင်း၊ဝယ်ခြင်းညှိနှိုင်းခြင်းတွေကို ပြုလုပ်နေကြရပါတယ်။

ဥပမာအားဖြင့် ဝန်ထမ်းတွေက အလုပ်ရှင်ထံမှာ မိမိတို့ရဲ့ကာယ၊ ဉာဏတွေကို ရောင်းချကြရပါတယ်။ ဒါ့အပြင် လုပ်ငန်းရှင်တွေအနေနဲ့လည်းမိမိတို့ရဲ့ကုန်ပစ္စည်းတွေကိုသော်လည်းကောင်း၊ ဝန်ဆောင်မှုတွေကို သော်လည်းကောင်း၊ အခြားစီးပွားရေးလုပ်ငန်းတွေ (သို့မဟုတ်) သုံးစွဲသူတွေထံသို့ ဝန်ထမ်းတွေကနေတစ်ဆင့်သော်လည်းကောင်း ရောင်းချတာတွေပြုလုပ်ကြရပါတယ်။

Selling နဲ့ Sales Management ဘာသာရပ်တွေကို ဘယ်လိုရောင်းမလဲဆိုတဲ့ Selling အပိုင်းနဲ့ ကိုယ့်ရဲ့ Sales Team ကို ဘယ်လို Manage လုပ်မလဲဆိုတဲ့ Sales Management ရယ်ဆိုပြီး အပိုင်းနှစ်ပိုင်း ပါဝင်ပါတယ်။




ပထမဦးစွာ Selling အပိုင်းမှာ Modern Selling ရဲ့ဝိသေသလက္ခဏာတွေ၊ အောင်မြင်တဲ့ Professional Sales Person တစ်ယောက်ဖြစ်ဖို့လိုအပ်တဲ့အချက်အလက်တွေ၊ Marketing နဲ့ Selling ရဲ့ဆက်စပ်ပုံတွေ၊ Sales Strategies ချမှတ်ပုံတွေ၊ မိမိတို့ရဲ့ Key Customers တွေကို ဘယ်လိုဘယ်ပုံ Manage လုပ်ရမယ်ဆိုတဲ့ အချက်အလက်တွေ၊ Customer တွေနဲ့ Relationship တည်ဆောက်ပုံအဆင့်ဆင့်တွေ၊ အင်တာနက်နဲ့ IT Application တွေရဲ့Selling မှာ ဆက်စပ်အရေးပါပုံတွေစတာတွေနဲ့စိတ်ဝင်စားဖွယ် Selling အတွက် အရေးကြီးတဲ့အခန်းကဏ္ဍတွေကို ဆွေးနွေး သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် Sales Management အပိုင်းမှာ မိမိတို့ရဲ့ Sales Team အတွက် Recruitment and Selection လုပ်ပုံလုပ်နည်း အဆင့်ဆင့် JD ပြင်ဆင်ရပုံတွေ၊ Sales Training ပေးပုံတွေ၊ မိမိတို့ရဲ့အရောင်းဝန်ထမ်းတွေကို Motivate လုပ်ရမယ်ဆိုတဲ့ အကြောင်းအရာ တွေ၊ Sales Team ဘယ်လိုဖွဲ့စည်းမယ်၊ လစာ တွေကို ဘယ်လိုခွဲဝေပေးမလဲဆိုတဲ့အချက်တွေ၊ Sales Focus တွေကိုဘယ်လိုဆွဲမလဲ၊ Sales Budget တွေကို ဘယ်လိုခွဲဝေပေးမလဲဆိုတဲ့ အပိုင်းနဲ့ Sales Force Evaluation လုပ်ပုံ အဆင့်ဆင့် စတဲ့အခန်းကဏ္ဍတွေကိုသင်ယူရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် Sales Manager တွေ၊ Executive တွေ၊ ကိုယ်ပိုင်လုပ်ငန်းရှင်တွေနဲ့ အခြား Sales နဲ့ Sales Management အား စိတ်ဝင်စားသူတွေအနေနဲ့တက်ရောက်သင့်တဲ့ Program တစ်ခုဖြစ်ကြောင်း မိတ်ဆက်ဖော်ပြပေးလိုက်ရပါတယ်။

FEATURE

# တောင်သူလယ်သမားနေ့

SFJ Team

မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့နီးနွယ်အသက်မွေးနေထိုင်ကြသူတွေ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့အသက်သွေးကြော ပင်မကဏ္ဍတစ်ခုဖြစ်သလို တောင်သူလယ်သမားတွေဟာလည်း နိုင်ငံရဲ့အသွေးအသားတွေပဲ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့အဖြစ် နှစ်စဉ်မတ်လ (၂) ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုထားပါတယ်။

အင်္ဂလိပ်ခေတ်မှာ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းခဲ့တဲ့ တောင်သူဦးကြီးတွေရဲ့ရိုးသားမှု၊ အသိပညာပွင့်လင်းအားနည်းမှု၊ငွေကြေးအရင်းအနှီးမရှိမှုကို အခွင့်ကောင်းယူပြီး မြီရှင် ချစ်တီးတို့က အကြွေးပတ်လည်ဝိုင်းနေတဲ့ လယ်သမားတွေထံကနေ လယ်ယာမြေတွေကို သိမ်းယူလာခဲ့ကြပါတယ်။

၁၉၃၀ ခုနှစ်မှာ ကမ္ဘာ့စီးပွားပျက်ကပ် ဖြစ်ပွားလာတဲ့အခါမှာတော့ တောင်သူလယ်သမားတွေရဲ့ဘဝဟာပိုမိုဆိုးရွားလာခဲ့ပြီးလယ်မဲ့၊ယာမဲ့တောင်သူတွေ များပြားလာခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရရဲ့ ဖိနှိပ်စီမံမှုတွေကို တောင်သူလယ်သမားတွေကဆက်လက်သည်းမခံနိုင်ကြတော့ပါဘူး။ ဒါကြောင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်မှာ မြန်မာသမိုင်းကြောင်းမှာ ထင်ရှားကျော်ကြားတဲ့ တောင်သူလယ်သမားအရေးတော်ပုံ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။

တောင်သူလယ်သမားအရေးတော်ပုံကို ဆရာစံ ဦးဆောင်ကာ အင်္ဂလိပ်နယ်ချဲ့အစိုးရရဲ့



စနစ်ဆိုးတွေကြောင့် ဘဝအခြေအနေပျက်သွားတဲ့ တောင်သူလယ်သမားတွေဘက်ကရပ်တည်ကာ အင်္ဂလိပ်တို့ကို ရရာလက်နက်ကိုင်စွဲကာ တွန်းလှန်ခဲ့ကြပါတယ်။

တောင်သူလယ်သမားအရေးတော်ပုံကို အင်္ဂလိပ်အစိုးရဟာ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့ပြီး ဆရာစံအပါအဝင် တောင်သူလယ်သမားအရေးတော်ပုံကို ဦးဆောင်တဲ့ မြန်မာခေါင်းဆောင်တွေကိုဖမ်းဆီးကွပ်မျက်ခဲ့ပါတယ်။

တောင်သူလယ်သမားအရေးတော်ပုံ ပြီးဆုံးသွားခဲ့ပေမယ့် မြန်မာနိုင်ငံသားတွေရဲ့စိတ်ထဲမှာ အင်္ဂလိပ်အစိုးရရဲ့ မတရားဖိနှိပ်အုပ်ချုပ်မှုကို တော်လှန်ဖို့အတွက် အမျိုးသားရေးစိတ်ဓာတ်တွေနိုးကြားလာခဲ့ပါတယ်။ တောင်သူလယ်သမားအရေးတော်ပုံဟာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အရေးကြီးတဲ့ မျိုးချစ်စိတ်ဓာတ်ကိုမျိုးစေ့ချပေးခဲ့တဲ့အရေးတော်ပုံပဲဖြစ်ပါတယ်။

တောင်သူလယ်သမား ကိုယ်စားလှယ်တွေက တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်ကစတင်ပြီး ဇန်နဝါရီ (၁) ရက်နေ့မှာ ကျင်းပပြုလုပ်လိုသော်လည်း ဇန်နဝါရီ (၁) ရက်နေ့ဟာ လယ်ယာလုပ်ငန်းလုပ်ကိုင်တဲ့ အချိန်ကာလနဲ့ တိုက်ဆိုင်နေတဲ့အတွက် မတ်လ (၂) ရက်နေ့ကိုသာ တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ကျင်းပသင့်တယ်လို့ တင်ပြရာကနေ တောင်သူလယ်သမားနေ့ကို မတ်လ (၂) ရက်နေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

မတ်လ(၂) ရက်နေ့ဟာ ဗိုလ်ချုပ်နေဝင်း အစိုးရတက်လာတဲ့နေ့ဖြစ်ပြီးအဲဒီနေ့ကိုတောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်လိုက်တာဖြစ်ပါတယ်။

ယင်းအချိန်ကာလက စတင်ကာ နှစ်စဉ်တောင်သူလယ်သမားနေ့ဖြစ်တဲ့ မတ်လ (၂) ရက်နေ့မှာ အစိုးရအဆက်ဆက်က တောင်သူလယ်သမားနေ့ အခမ်းအနားတွေကို ဂုဏ်ပြုကျင်းပပေးလျက်ရှိပါတယ်။ ■

# Capital Hypermart နဲ့ Grab & Go အရောင်းဆိုင်တွေမှာ Visa ကတ်နဲ့ စတင်ငွေပေးချေနိုင်




မြန်မာနိုင်ငံရှိ စူပါမားကတ် လုပ်ငန်းကြီးတွေအနက်က တစ်ခုဖြစ်တဲ့ Capital Hypermart က Visa ငွေပေးချေရေးကတ်၊ CB ဘဏ်တို့နဲ့ ပူးပေါင်းပြီး Hypermarket နဲ့ Supermarket ဆိုင်ခွဲတိုင်းမှာ Visa ကတ် လက်ခံနိုင်တဲ့ အရောင်းကောင်တာတွေ ဖွင့်လှစ်သွားမယ်လို့ ယနေ့ ထုတ်ပြန်လိုက်ပါတယ်။

Visa ကတ် လက်ခံနိုင်တဲ့ အရောင်းကောင်တာတွေ ဖွင့်လှစ်လိုက်တဲ့အတွက် Capital Hypermart ရဲ့ဆိုင်ခွဲတိုင်းမှာ ဝယ်ယူအားပေးသူတွေ ပိုမိုအဆင်ပြေလွယ်ကူကာ ဝယ်ယူအားပေးနိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံသားတွေအပြင် နိုင်ငံခြားသားတွေပါ နိုင်ငံခြားဘဏ်တွေကနေ ထုတ်ပေးထားတဲ့ Visa Prepaid ကတ် (စည်းကမ်းအရ မြန်မာနိုင်ငံမှာထုတ်လုပ်ထားတဲ့ Visa ကတ်တွေကို ပြည်တွင်းမှာ အသုံးမပြုနိုင်သေးပါ)၊ Debit ကတ်နဲ့ Credit ကတ်တွေကို အသုံးပြုပြီး Capital ဆိုင်ခွဲ (၇) ဆိုင်၊ Grab & Go အရောင်းဆိုင် ၉၃ ဆိုင်နဲ့ စားသောက်ဆိုင် (၄) ဆိုင်တို့မှာ ငွေပေးချေနိုင်ပြီဖြစ်တယ်လို့ Capital Hypermart က အသိပေးထုတ်ပြန်ခဲ့ပါတယ်။ ■ SFJ

# သီလဝါမှာ တည်ဆောက်နေတဲ့သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ မတ်လအတွင်း ထုတ်လုပ်မှုစတင်မယ်

သီလဝါအထူးစီးပွားရေးဇုန်အတွင်းတည်ဆောက်နေတဲ့သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံကို လာမယ့် မတ်လအတွင်း ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေတယ်လို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ရှိသူတွေက ပြောပါတယ်။

အဆိုပါ သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းမှာ ဂျပန်နိုင်ငံက စုမီတိုမိုကော်ပိုရေးရှင်းက နည်းပညာပိုင်းအကူအညီပေးလျက်ရှိပါတယ်။ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများကို ဓာတ်အားဖြန့်ဖြူးပေးမှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းသို့လည်း ဓာတ်အားဖြည့်တင်းဖြန့်ဖြူးပေးမှာ ဖြစ်ပါတယ်။

မဂ္ဂါဝပ် ၅၀ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၂၀၁၅ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာစီမံကိန်း လုပ်ငန်းပြီးစီးမှု ၇၈ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ပါတယ်။ အမှတ် (၁) တာဘိုင်စက်တပ်ဆင်ပြီးစီးမှု ၉၆ ရာခိုင်နှုန်းရှိပြီး အမှတ် (၁) တာဘိုင်စက်ကနေ မတ်လအတွင်း ဓာတ်အားထုတ်လုပ်နိုင်ရေးကိုဆောင်ရွက်လျက်ရှိနေတာ ဖြစ်ပါတယ်။ ■ SFJ

# လက်ရှိဘဏ္ဍာနှစ် ပင်လယ်ရေကြောင်းကုန်သွယ်မှု ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် လျော့နည်းနေ

လက်ရှိဘဏ္ဍာနှစ် ပင်လယ်ရေကြောင်းကုန်သွယ်မှု ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် လျော့နည်းနေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရပါတယ်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ပထမအပတ်အထိ ပင်လယ်ရေကြောင်း ပို့ကုန်ပစ္စည်းကဏ္ဍမှ ကန်ဒေါ်လာ ၅၁၆၉ သန်းနဲ့ သွင်းကုန်ပစ္စည်းကဏ္ဍမှ ကန်ဒေါ်လာ ၁၁၇၈ သန်းအထိ ကုန်သွယ်နိုင်ခဲ့ပေမယ့် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ကာလတူတွင် ပို့မှုအောက် ရောက်ရှိနေတာ ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုတွေ ကျဆင်းနေပေမယ့် နယ်စပ်ကုန်သွယ်မှုရဲ့ပို့ကုန်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၇၄၄ သန်းရရှိထားပြီး သွင်းကုန်ပစ္စည်းမှ ကန်ဒေါ်လာ ၂၂၁၅ သန်းအထိရရှိနေပြီး အရင်ဘဏ္ဍာနှစ်ကအလားတူ ကုန်သွယ်မှုထက် ကန်ဒေါ်လာ ၄၅၆ သန်းကျော် ပိုမိုရရှိထားပါတယ်။ ■ SFJ

# အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အရန်ဆန်တန်ချိန် (၂) သိန်း ဝန်းကျင်ထားရှိဖို့ ဆန်စက်လုပ်ငန်းရှင်များအကြံပြုထား

အယ်နီညိုရာသီဥတုကြောင့် အရန်ဆန်တန်ချိန် (၂) သိန်းထားရှိဖို့ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက ဆန်စပါးအဖွဲ့ချုပ်ကိုတင်ပြထားတယ်လို့ သိရပါတယ်။

အခုနှစ် ပထမ (၆) လပတ်အတွင်း အယ်နီညိုရာသီဥတုဓာတ်ကြောင့် မြန်မာနိုင်ငံအနှံ့ ပိုမိုပူပြင်းမှုများရှိလာနိုင်သလို စိုက်ပျိုးရေးအခက်အခဲများလည်းကြုံတွေ့နိုင်တာမို့ အရန်ဆန်ကြိုတင်ထားရှိထားဖို့ ဆန်စက်လုပ်ငန်းရှင်များအသင်းက အဆိုပြုထားတာဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ မိုးလေဝသပညာရှင်တွေက အယ်နီညိုရာသီဥတုဖြစ်စဉ်နဲ့ စိုက်ပျိုးရေးလုပ်ငန်းအပေါ်သက်ရောက်မှုတွေကို ကြိုတင်သတိပေးထားတာကြောင့် ပြည်တွင်းစားနပ်ရိက္ခာအခက်အခဲမရှိစေဖို့အသင်းချုပ်ထံကိုတင်ပြထားတာဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နှစ်စဉ်ဆန်စပါးတန်ချိန် ၁၄ သန်းအထိထွက်ရှိနေပြီး ပြည်တွင်းစားသုံးမှုက တန်ချိန် ၁၂ သန်းအထိရှိနေကာ ပိုလျှံစပါး (၂) တန်ဝန်းကျင်ရှိနေပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းရေကြီးမှုတွေကြောင့် ဆန်စပါးအထွက်လျော့ကျခဲ့ပါတယ်။

အခုနှစ်မှာလည်း ရာသီဥတုပြောင်းလဲမှုကြောင့် ပြည်တွင်းဆန်စပါးစိုက်ပျိုးမှု အခက်အခဲရှိလာပါက ဆန်စပါးအထွက်လျော့ကျနိုင်မှာကို စိုးရိမ်စိတ်ကြောင့်အရန်ဆန်ကြိုတင်ဖြည့်တင်းထားပါဖို့ ဆန်စပါးလုပ်ငန်းရှင်တွေက ဆောင်ရွက်နေတာဖြစ်ပါတယ်။ ■ SFJ

# ၂၀၁၅ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းအရ အိန္ဒိယက တရုတ်ထက်ကျော်လွန်သွားခဲ့

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က အိန္ဒိယနိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်းဟာ တရုတ်နိုင်ငံထက် ကျော်လွန်သွားခဲ့တယ်လို့ ဘီဘီစီ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ အိန္ဒိယရဲ့ ပျမ်းမျှတိုးတက်မှုနှုန်းက ၇ ဒသမ ၅ ရာခိုင်နှုန်းနဲ့တရုတ်ရဲ့တိုးတက်မှုနှုန်း ၆ ဒသမ ၉ ရာခိုင်နှုန်းထက် သာလွန်သွားခဲ့တယ်လို့ သိရပါတယ်။

ယမန်နှစ် အောက်တိုဘာလကနေ ဒီဇင်ဘာလအကြား နိုင်ငံရဲ့ ဂျီဒီပီတိုးတက်မှုက ၇ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ယခင်အစောပိုင်းတစ်နှစ်က အလားတူကာလက တိုးတက်မှုထက်လျော့ကျသွားခဲ့တယ်လို့အိန္ဒိယအစိုးရက ထုတ်ပြန်ပြောကြားပါတယ်။

နိုင်ငံရဲ့စီးပွားရေးဟာ မနှစ်ကနောက်ဆုံးပတ်မှာအရှိန်လျော့သွားခဲ့ပေမယ့် တိုးတက်မှုအရှိန်ကတော့ တရုတ်ရဲ့တိုးတက်မှုထက် ပိုမိုလျင်လျင်မြန်မြန် တိုးတက်ခဲ့တာ ဖြစ်ပါတယ်။ BBC

# မြန်မာနဲ့ ဗီယက်နမ်နိုင်ငံဈေးကွက်များတွင် ဝင်ရောက်လုပ်ကိုင်ရန် အိန္ဒိယရဲ့ Tata လုပ်ငန်းစု မျက်စိကျနေ

အိန္ဒိယအခြေစိုက်ကုမ္ပဏီအုပ်စုကြီးတစ်ခုဖြစ်တဲ့ Tata လုပ်ငန်းစုဟာ ယင်းရဲ့လုပ်ငန်းတွေကို ချဲ့ထွင်လုပ်ကိုင်ဖို့အတွက် မြန်မာနဲ့ ဗီယက်နမ်ဈေးကွက်တွေမှာ ထိုးဖောက်ဝင်ရောက်နိုင်ဖို့ အာရုံကျနေတယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြပါတယ်။ စီးပွားရေးအားကောင်းလာမှုနဲ့အလယ်အလတ်တန်းစား လူဦးရေတိုးပွားလာမှုတို့အပြင် အခွန်အကောက်လျော့ကျမှု စတဲ့အချက်တွေကြောင့် အာဆီယံနဲ့ ကမ္ဘာ့ဈေးကွက်တွေကို ထိုးဖောက်ဖို့လုပ်ဆောင်နေတဲ့ကုမ္ပဏီတွေအတွက်အထက်ပါနိုင်ငံတွေဟာ အရေးပါလာနေပါတယ်လို့ ယင်းလုပ်ငန်းစုက ဆိုပါတယ်။

"ဒီနိုင်ငံတွေရဲ့တည်ရှိဖြစ်တည်မှုနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေက ကျွန်တော်တို့ Tataအုပ်စုဆီကထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေအတွက် ဈေးကွက်တစ်ခုဖြစ်လာနေပါတယ်၊ ကျွန်တော်တို့ Tata လုပ်ငန်းစုရဲ့ ကုမ္ပဏီတွေဖြစ်ကြတဲ့ Tata လျှပ်စစ်ကုမ္ပဏီ၊ Tataစီမံကိန်းဖော်ဆောင်ရေးကုမ္ပဏီ၊ Tata ဓာတုကုမ္ပဏီ၊ Tata မော်တော်ကားကုမ္ပဏီနဲ့ Tata နိုင်ငံတကာကုမ္ပဏီတွေအနေနဲ့ ဗီယက်နမ်နဲ့ မြန်မာဈေးကွက်တွေမှာ အခွင့်အလမ်းတွေရဖို့ လုပ်ဆောင်လျက်ရှိပါတယ်" လို့ အိန္ဒိယလုပ်ငန်းစုတွင် အနည်းဆုံးကုမ္ပဏီနှစ်ခုကိုလုပ်ကိုင်နေတဲ့ Tata Sons ကုမ္ပဏီရဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်ပါတယ်။ ETR Retail

# ဗဟိုဘဏ်အကြီးအကဲ၏သုံးသပ်ချက် ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့ရွှေဈေးများ မြင့်တက်



အမေရိကန် ဗဟိုဘဏ် အကြီးအကဲ ဂျေနက်ယယ်လန် Janet Yellen က အတိုးနှုန်းတွေကိုတဖြည်းဖြည်းတိုးမြှင့်သွားမယ်လို့ ပြောကြားလိုက်တဲ့နောက်မှာတော့ ဖေဖော်ဝါရီလ ၁၁ ရက်က ကမ္ဘာ့ရွှေဈေးနှုန်းတွေဟာ ရစ်လခွဲတွင်း အမြင့်ဆုံးနှုန်းထားအဖြစ် (၁) ရာခိုင်နှုန်းကျော် မြင့်တက်သွားတယ်လို့ သိရပါတယ်။

ဗဟိုဘဏ်အနေနဲ့ ဒီနှစ်ထဲမှာ နောက်ထပ် အတိုးနှုန်းတွေမြင့်ဖို့ အစီအစဉ်ကို ပြန်ပြောင်းဖို့တော့ မရှိနိုင်ပေမယ့် တည်ငြိမ်မှုမရှိတဲ့ လက်ရှိစီးပွားရေးဈေးကွက်တွေနဲ့ တရုတ်စီးပွားရေးတိုးတက်မှုအပေါ်မသေချာမှုတွေက အမေရိကန်ရဲ့စီးပွားရေးကို ထိခိုက်စေနိုင်တယ်လို့ ယယ်လန်က ဖေဖော်ဝါရီ ၁၀ ရက်မှာ ရှေ့နေတွေကို ပြောကြားပါတယ်။

အတိုးနှုန်းတွေကို ဖြည်းဖြည်းချင်းမြှင့်တင်မယ့်အစီအစဉ်က ရွှေဈေးတက်ဖို့ဖြစ်စေခဲ့သလို ကုန်ပစ္စည်းတန်ဖိုးတွေကို ဆက်လက်တည်ငြိမ်အောင် ကူညီထိန်းသိမ်းပေးနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ ■ Reuters

# The Single Biggest Reason Why Startups Succeed

**STRATEGY FIRST Times** ရဲ့ Ted Talk ကဏ္ဍမှာ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကို အပတ်စဉ် ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Videoဖြစ်ပြီးတော့ Videoဝင်ကြည့်ဖို့ Mobile Phoneနဲ့ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Applicationတွေကိုတော့ Google Playstore ၊ App Store တို့ကနေ download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Bill Gross ရဲ့ The Single Biggest Reason Why Startups Succeed ဆိုတဲ့ Video တိုလေးကို ဖော်ပြမှာ ဖြစ်ပါတယ်။

Bill Gross ဟာ ကုမ္ပဏီပေါင်းများစွာကိုတည်ထောင်ပေးခဲ့ပြီးတော့ လုပ်ငန်းသစ်တွေ အများအပြားမှာလည်း စတင်ခါစမှာရင်နှီးမြှုပ်နှံပြီး အောင်မြင်အောင် လုပ်ပေးနိုင်ခဲ့တဲ့ လူတစ်ယောက်ဖြစ်ပါတယ်။



Gross ဟာ အထက်တန်းကျောင်းသားဘဝတည်းက စွန့်ဦးတီထွင်သူတစ်ယောက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အထက်တန်းမှာ Solar Energyကုမ္ပဏီတစ်ခုတည်ထောင်ခဲ့ပြီး ကောလိပ်ရောက်တော့ Loud-speaker ဒီဇိုင်းတစ်ခု တီထွင်ခဲ့သူဖြစ်ပါတယ်။

Bill Gross ဟာ တချို့စွန့်ဦးတီထွင်လုပ်ငန်းကုမ္ပဏီသစ်တွေဟာ ဘာဖြစ်လို့ အောင်မြင်ကြပြီးတော့ ပျက်စီးသွားတဲ့ကုမ္ပဏီတွေက ဘာကြောင့် ဆုံးရှုံးပျက်စီးသွားတယ်ဆိုတာကို သိချင်ခဲ့ပါတယ်။ ဒါကြောင့် သူ့ကုမ္ပဏီအပြင်တခြားကုမ္ပဏီပေါင်း တစ်ရာကျော်ကအချက်အလက်တွေကို စုဆောင်းခဲ့ပြီးတဲ့နောက်မှာ လေ့လာမှုတွေပြုလုပ်ခဲ့ပါတယ်။ လေ့လာမှုတွေကနေ တွေ့ရှိခဲ့တာတွေကို ဒီဗီဒီယိုမှာ ပြောပြထားတာဖြစ်ပါတယ်။

စွန့်ဦးတီထွင်လုပ်သန်းသစ်တွေဟာကမ္ဘာကြီးကိုပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ပေးနိုင်ခြေအများဆုံးရှိတဲ့ အရာတွေဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုထဲမှာ ထူးချွန်ပြီး ကြိုးစားတဲ့လူတွေရှိနေမယ်ဆိုရင်အကောင်းဆုံးအောင်မြင်မှုတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။

ဒါပေမဲ့ စွန့်ဦးတီထွင်လုပ်ငန်း

oD

သစ်တွေက အရမ်းကောင်းတယ်ဆိုရင် ကုမ္ပဏီတွေ ဘာဖြစ်လို့မအောင်မြင်ဘဲ ကျရှုံးသွားကြတာလဲ။ ဘယ်အရာက ကုမ္ပဏီသစ်တွေအနေနဲ့ အောင်မြင်မှုရရှိနိုင်ဖို့ အရေးအကြီးဆုံးလည်းဆိုတာကိုသိရအောင်လေ့လာမှုတွေပြုလုပ်ခဲ့တာပါလို့ ပြောထားပါတယ်။

ကုမ္ပဏီတွေရဲ့အောင်မြင်မှုနဲ့ ကျရှုံးမှုအကြောင်းအရင်းတွေကိုလေ့လာတဲ့အခါမှာ Bill Grossကအချက် (၅) ချက်နဲ့ လေ့လာခဲ့ပါတယ်။ ဒါတွေကတော့ Idea၊Team ၊Business Model၊ Funding၊ Timing တို့ဖြစ်ပါတယ်။ ■

## Strategy First Times Crosswords



**Clues-Business**

Across
1. shareholder
4. strategy
5. yield
6. defect
7. policy
9. survey
10. strike
12. guarantee

Down
2. aggrement
3. royalty
8.custimize
11. breach

## t&ift ywf Crosswords t ajzrsm;

**Clues-School**

Across
1. college
5. coach
7. classroom
9. diploma

Down
2. library
3. principal
4. vacation
6.homework
8. study



## r*vmqkeÅumif;

ကိုအောင်ဘိုဘိုနဲ့ မစောစန္ဒာဝင်း (**STRATEGY FIRST** ကျောင်းသူ) မင်္ဂလာမောင်နှံတို့ရဲ့ ၂၀၁၅၊ ဖေဖော်ဝါရီ (၂) ရက်နေ့ လက်ထပ်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လက်တွဲဖြတ်သန်းနိုင်ပါစေကြောင်း **STRATEGY FIRST INSTITUTE** မှ မင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။






# နံနက်တိုင်းသံပုရာရည်သောက်ခြင်းကြောင့် ရနိုင်မယ့်အကျိုးကျေးဇူးများ

ဝယ



သံပုရာသီးနဲ့ သံပုရာရည်တို့ဟာ Vitamin C၊ Vitamin A၊ Folate နဲ့ သံဓာတ်တွေလို အာဟာရဓာတ်တွေကြွယ်ဝစွာပါဝင်တာကြောင့် ကျန်းမာရေးအကျိုးကျေးဇူးတွေ အများကြီး ပေးစွမ်းနိုင်ပါတယ်။

နံနက်နိုးနိုးချင်း ရေသောက်တဲ့အခါမှာ သံပုရာသီးကို အရည်ညှစ်ထည့်ပြီး သောက်မယ်ဆိုရင် ရရှိလာနိုင်မယ့် ကျန်းမာရေးအကျိုးကျေးဇူးတွေကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

### ၁။ကင်ဆာကိုကြိုတင်ကာကွယ်ပေးနိုင်ပါတယ်။

သံပုရာသီးမှာပါဝင်တဲ့ Antioxidant တွေဟာ ကင်ဆာကို ကြိုတင်ကာကွယ်ပေးနိုင်တယ်လို့ပြောလို့ရပါတယ်။ Antioxidants တွေကအသက်အရွယ်ကြီးရင့်မှုကိုအနည်းငယ်နှေးကွေးစေပြီးတော့ကင်ဆာဆဲလ်တွေဖြစ်ပေါ်နိုင်ခြေကို လျော့ချပေးပါတယ်။

### ၂။ ဦးနှောက်စွမ်းအားပိုကောင်းစေပါတယ်။

Magnesium နဲ့ Potassium တွေ များစွာပါဝင်တာကြောင့် ဦးနှောက် နဲ့ Nervous System ကို ပိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ပါတယ်။ သံပုရာသီးက ရေဓာတ်ပိုမိုတိုးပွားစေတာကြောင့် လန်းဆန်းပြီးတော့ အားအင်တွေလည်းပိုရှိစေပါတယ်။

### ၃။ ဆီးလမ်းကြောင်းကောင်းမွန်စေပါတယ်။

ရေနွေးပူပူထဲကိုသံပုရာသီးထည့်သောက်တာက ဆီးလမ်းကြောင်းကို ကောင်းမွန်စေပြီးတော့ အသည်းမှာရှိတဲ့ အဆိပ်အတောက် ချေဖျက်တဲ့ Enzymes တွေ ပိုထွက်ပေါ်လာစေပါတယ်။

### ၄။ကိုယ်ခံအားတိုးတက်စေပါတယ်။

လူအများစုက နှာစေးချောင်းဆိုးလောက်ဖြစ်ပြီဆိုရင် Vitamin-C ပြေးသောက်ဖို့ကို သတိရတတ်ပါတယ်။ Vitamin C က အအေးမိဖျားနာတာကို မြန်မြန်ဆန်ဆန် ပျောက်ကင်းစေတယ်ဆိုတာ အကုန်လုံးအသိပဲဖြစ်ပြီးတော့ သံပုရာသီးက Vitamin-C အများအပြားပါဝင်တဲ့အသီးတွေထဲကတစ်ခုဖြစ်ပါတယ်။ သံပုရာသီးကရောင်ယမ်းမှုကိုလျော့ကျစေတာကြောင့် အသက်ရှူလမ်းကြောင်းရောဂါတွေကို သက်သာစေပါတယ်။

### ၅။ ကိုယ်အလေးချိန်ကျဆင်းစေဖို့ အထောက်အကူပြုပါတယ်။

အစာချေဖျက်မှုစနစ် ပိုမိုကောင်းမွန်စေမှု၊ အဆိပ်အတောက်များချေဖျက်ပေးနိုင်မှု၊ အဆီနဲ့ အစာတွေကို ချေဖျက်ပေးတဲ့ အစာခြေရည် ပိုထွက်စေမှုတို့ကြောင့် ကိုယ်အလေးချိန်ကျစေဖို့အတွက်အထောက်အကူဖြစ်စေတာဖြစ်ပါတယ်။

### ၆။စိတ်နဲ့ခန္ဓာကိုယ် လန်းဆန်းစေပါတယ်။

သံပုရာသီးနဲ့ အရည်က လူ့ခန္ဓာကိုယ်ကို နည်းလမ်းပေါင်းများစွာနဲ့ ပိုကောင်းအောင်ပြုလုပ်ပေးတာကြောင့် Energy Level တွေလည်း တက်လာပါတယ်။ Vitamin C များများရှိတာကြောင့် အာရုံစူးစိုက်မှုကောင်းစေပြီးတော့ မောပန်းမှု၊ စိတ်ဖိစီးမှုနဲ့ စိတ်လှုပ်ရှားမှုတို့ကို လျော့ချပေးပါတယ်။

### ၇။သံပုရာရည်က အစာချေစနစ်ကို ပိုကောင်းစေပါတယ်။

အသည်းကိုကောင်းစွာအလုပ်လုပ်စေပြီးတော့ သည်းခြေရည်ထုတ်လုပ်မှုမှာ ကူညီပေးတာကြောင့် အစာကောင်းစွာခြေဖျက်နိုင်တာဖြစ်ပါတယ်။

### ၈။အသားအရည်ကို သန့်ရှင်းကြည်လင်စေပါတယ်။

သံပုရာရည်ဟာ သဘာဝ Antiseptic ပိုးသတ်ဆေးဖြစ်တယ်လို့ Organic Facts ဝက်ဘ်ဆိုက်မှာဖော်ပြထားပါတယ်။နေ လောင်တာ ဒါမှမဟုတ် ပျားတုတ်တာတို့ကို သံပုရာရည်သုတ်လိမ်းခြင်းကြောင့်လျင်မြန်စွာ ပျောက်ကင်းစေပါတယ်။ သံပုရာသီးမှာပါတဲ့ Antioxidants တွေကလည်း အရေးအကြောင်းတွေကိုလျော့စေပြီး အရေပြားပေါ်က အမဲစက်တွေလည်း ပျောက်ကင်းစေပါတယ်။

### ၉။ ခံတွင်းကျန်းမာရေး အထောက်အကူပြုပါတယ်။

ခံတွင်းနံ့ကင်းရှင်းစေဖို့အတွက်အကောင်းဆုံးက သံပုရာသီးဖြစ်ပြီးတော့ သွားနဲ့သွားဖုံးတွေ သန့်ရှင်းစေပြီး ပိုးမွှားတွေ ကင်းစင်စေပါတယ်။ (သံပုရာသီးကို တခြားနေရာတွေမှာထားမယ်ဆိုရင်လည်း အနံ့ဆိုးတွေ ပျောက်ကင်းစေပါတယ်)။ သွားပွတ်တံကို သံပုရာရည်အနည်းငယ်ညှစ်ထည့်ပြီးသွားတိုက်လို့ရပါတယ်။

အကောင်းဆုံးကတော့ နံနက်နိုးနိုးချင်းမှာ သံပုရာသီးတစ်ဝက်လောက်ကို ရေတစ်ခွက်ထဲညှစ်ထည့်ပြီးသောက်သင့်ပါတယ်။

■

# စံ - ဇာဏီဘို ဟောစာတမ်း

၂၀၁၆ ဖေဖော်ဝါရီ (၂၂) ရက်နေ့မှ ၂၀၁၆ မတ် (၈) ရက်နေ့အထိ



### တနင်္ဂနွေနေ့မွေးသူများ

မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိသည်။ လုပ်ငန်းတိုးတက်မည်။ အလုပ်ကိစ္စများ၊ ယှဉ်ပြိုင်မှုများမှ အောင်မြင်သောအနေအထားရှိမည်။ လူမျိုးကွဲကပြားများ အကျိုးပေးသောကာလဖြစ်သည်။ ငွေကုန်များမည်။ အခက်အခဲကြားမှ တိုးတက်မှုရှာဖွေရမည်။ အပြိုင်အဆိုင် အတိုက်အခံများ မည်မျှရှိစေ အောင်မြင်အဆင်ပြေမည်။ တစ်ပါးသူနှင့်တွဲ၍လုပ်ရသောကိစ္စများမအောင်မြင်။ တစ်ကိုယ်တော်ဆောင်ရွက်ခြင်းများ အဆင့်ဆင့် အဆင်ပြေချောမွေ့မည်။ ပစ္စည်းအထားအသို မှားယွင်းမည်။ ဤကာလအတွင်း ရက်ကောင်းများ - ၂၈၊ ၅၊ ၆၊ ၇။ ရက်ဆိုးများ - ၂၃၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉။ ထူးခြားရက်များ - ၂၅၊ ၁၊ ၂၊ ၃၊ ၄၊ ၈။ ကံကောင်းစေသောအရောင် - အပြာရောင်၊ ပန်းရောင်၊ အဝါရောင် ။ အကျိုးပေးဂဏန်း - ၀၊ ၉၊ ၂၊ ၇။ ယတြာ - နှင်းဆီပန်း (၃) ပွင့်ကို အရောင် (၃) ရောင်ပါသော ဖဲကြိုးနှင့်ချည်၍ မြေပြင်မှ (၃) ပေအကွာတွင်ထားပါ။



### တနင်္လာနေ့မွေးသူများ

အထူးသတိရှိရမည်။ စိတ်အနှောင့်အယှက်များမည်။ လူပေါင်းမှား ဆုံးဖြတ်မှားမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ အိမ်တွင်းရေးတွင် အလွန်စိတ်ညစ်စရာများဖုံးနေမည်။ ပြဿနာဖြစ်တတ်သည်။ ပြဿနာမဟုတ်သည်ကိုပြဿနာသဖွယ် ဖြေရှင်းနေရမည်။ မတော်တဆ ထိခိုက်မှုများသတိရှိရမည်။ အတိုက်အခံ မနာလိုသူပေါ်များမည်။ စေတနာအပေါ် အထင်လွဲခံရခြင်းကြုံရမည်။ ပဋိပက္ခများရှိနေမည်။ စကားပြောအဆို အနေအထိုင် အလွန်ဆင်ခြင်အပ်သည်။ ဤကာလအတွင်းရက်ကောင်းများ - ၂၂၊ ၂၈၊ ၂၊ ၃၊ ၄၊ ၅၊ ၆။ ရက်ဆိုးများ - ၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၁၊ ၈။ ထူးခြားရက်များ - ၂၂၊ ၂၃၊ ၂၅၊ ၇။ ကံကောင်းစေသောအရောင် - မီးခိုးရောင်၊ ရွှေအိုရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း - ၆၊ ၃၊ ၈၊ ၄ ။ ယတြာ - အဖြူရောင်ဦးထုပ်တစ်လုံးဝယ်၍ သုံးဆွဲပါ။



### အင်္ဂါနေ့မွေးသူများ

မမျှော်လင့်ဘဲ ကံလမ်းကြောင်းသစ် ပေါ်နိုင်သောကာလဖြစ်သည်။ ဥစ္စာတိုးပွားမည်။ ရည်မှန်းချက်အောင်မြင်မည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူကောင်းရမည်။ ကာလအတန်ကြာစိတ်ကူးရှိသော်လည်း လက်တွေ့အကောင်အထည်မဖော်ရသေးသောကိစ္စများ ဆောင်ရွက်အဆင်ပြေနိုင်သော အနေအထားရှိပါသည်။ နေအိမ်၊ ဆက်ဆံရသောဝန်းကျင်တွင် အသစ်အဆန်းများရှိနေမည်။ တစ်ပါးသူမထင်မှတ်ထားသော အနေအထားနှင့် တိုးတက်မှုများကို ကိုယ်ပိုင်အစွမ်းအစကိုအသုံးချ၍ရရှိစေမည်။ ဤကာလအတွင်းရက်ကောင်းများ - ၂၅၊ ၂၆၊ ၃၊ ၄၊ ၅။ ရက်ဆိုးများ - ၂၂၊ ၂၃၊ ၂၇၊ ၂၈၊ ၂၉၊ ၁၊ ၆၊ ၈။ ထူးခြားရက်များ - ၂၄၊ ၂၊ ၇။ ကံကောင်းစေသောအရောင် - အစိမ်းရောင်၊ ပန်းရောင်၊ မရမ်းစေ့ရောင်။ အကျိုးပေးဂဏန်း - ၂၊ ၇၊ ၀၊ ၃။ ယတြာ - သားရေလည်သာပိုက်ဆံအိတ်တစ်ခုဝယ်ယူသုံးစွဲပါ။



### ဗုဒ္ဓဟူးနေ့မွေးသူများ

ဘက်စုံကောင်းသောအနေအထားသို့ ဦးတည်မည်။ ရည်မှန်းချက်များအောင်မြင်မည်။ စီးပွားကံ၊ လုပ်ငန်းကံ တက်လမ်းရှိသည်။ ကာလအတန်ကြာ မိမိပြုလုပ်ဆောင်ရွက်ရန်ရည်မှန်းထားသောကိစ္စများ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ ဘာသာစကား၊ဘာသာရေးရာကိစ္စများ လေ့လာ၍အကျိုးရှိမည်။ အပြိုင်အတိုက်အခံများ တစစ အေးငြိမ်းသွားမည်။ မိသားစုတွင် နေရာထိုင်ခင်းကိစ္စရပ်များ ပြောဆိုအောင်မြင်မည်။ ဘဝရည်ရွယ်ချက်၊ လုပ်ငန်းရည်မှန်းချက်များ စနစ်တကျ ဆောင်ရွက်နိုင်သော အခြေအနေရှိမည်။ ပစ္စည်းအပျောက်အရှ ဂရုစိုက်ရမည်။ ဤကာလအတွင်း ရက်ကောင်းများ - ၂၇၊ ၂၀၊ ၂၊ ၅။ ရက်ဆိုးများ - ၂၂၊ ၂၃၊ ၂၄၊ ၂၆၊ ၂၉၊ ၁၊ ၆၊ ၇၊ ၈။ ထူးခြားရက်များ - ၂၅၊ ၃၊ ၄။ ကံကောင်းစေသောအရောင် - ခရမ်းရောင်၊ အပြာနုရောင်၊ ပန်းရောင်။ အကျိုးပေးဂဏန်း - ၀၊ ၅၊ ၂၊ ၉။ ယတြာ - အိမ်ရှိသော ပိုစတာအဟောင်းတို့ကို စက္ကူပုံးထဲထည့်၍သိမ်းပါ။



### ကြာသပတေးနေ့မွေးသူများ

စီးပွားရေးတွင် အညံ့ရှိသည်။ စိတ်အနှောင့်အယှက်များမည်။ လူယုံဒုက္ခပေးမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်မည်။ စိတ်ပန်း လူပန်းဖြစ်မည်။ ငွေကြေးကံမကောင်းပါ။ ရသင့်သည်များ ကြန့်ကြာမည်။ ကုန်စရာများ ဆက်တိုက်ဖြစ်မည်။ မမျှော်မထင်မှတ်ထားဘဲ အခက်အခဲများ၊ အမှုအခင်းများ တွေ့ကြုံရမည်။ စိတ်ရှုပ်စရာများ မည်မျှရှိစေ အားလုံးအား ကျော်လွှားနိုင်သော အနေအထားရှိသည်။ တစ်ပါးသူစကား တစ်ပါးသူအကြံနှင့် လုပ်ခြင်းများရှောင်ပါ။ အရာရာ ကိုယ်ပိုင်အတွေးအကြံဖြင့် ဆောင်ရွက်ပါ။ ဤကာလအတွင်း ရက်ကောင်းများ - ၂၃၊ ၂၃၊ ၂၅၊ ၃၊ ၆၊ ၇ ၊ ၈ ။ ရက်ဆိုးများ - ၂၂၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၁၊ ၂၊ ၅ ။ ထူးခြားရက်များ - ၄ ကံကောင်းစေသောအရောင် - အစိမ်းရင့်ရောင်၊ နို့နှစ်ရောင်၊ သနပ်ခါးရောင် ။ အကျိုးပေးဂဏန်း - ၂၊ ၅၊ ၂၊ ၇ ။ ယတြာ - မိမိနှစ်သက်စရာ အဆိုတော်တစ်ဦး ပိုစတာ ဝယ်ယူပြီး နံရံတွင်ကပ်ပါ။



### သောကြာနေ့မွေးသူများ

အလုပ်အကြံအဟောင်းတစ်ခုအားရပ်တန့်ပြီးအသစ်စတင်နိုင်သည်။ မူလလုပ်သည်နှင့်မတူသောရည်မှန်းချက်သစ်၊ အကြံသစ်နှင့်ဆောင်ရွက်ရန်အနေအထားရှိသည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်အနှောင့်အယှက် ၊ သောကဝင်ရောက်နိုင်သည်။ အဟောင်းရပ်၍ အသစ်စနိုင်သည်။ မူလမှန်းသည်တစ်မျိုး လက်တွေ့ဆောင်ရွက်ရသည်ကတစ်ဖုံ လမ်းကြောင်းခြင်းမတူသော်လည်း အောင်မြင်မှုရရှိသည့်အပိုင်းတွင် ထူးခြားတောက်ပြောင်မည်။ ယုံကြည်အားကိုးမှား၍ လမ်းလွဲမှုဖြစ်တတ်သည်။ ငွေလက်လွှန်မှု သတိရှိပါ။ ဤကာလအတွင်း ရက်ကောင်းများ - ၂၂၊ ၂၃၊ ၂၄၊ ၂၉၊ ၇၊ ၈ ။ ရက်ဆိုးများ - ၂၆၊ ၂၇၊ ၂၈၊ ၁၊ ၂၊ ၅၊ ၆ ။ ထူးခြားရက်များ - ၂၅၊ ၃၊ ၄ ။ ကံကောင်းစေသောအရောင် - မိုးပြာရောင်၊ ရေညှိစိမ်းရောင်၊ ရွှေအိုရောင် ။ အကျိုးပေးဂဏန်း - ၂၊ ၇၊ ၃၊ ၈ ။ ယတြာ - ရေတံခွန်၊ ရေကန်ပုံပါသော ပို့စကဒ်အနီးအပါးတွင်ထားပါ။



### စနေနေ့မွေးသူများ

အရွေးရခက်အောင် အခွင့်အရေး (၂) ခု တစ်ပြိုင်တည်းပေါ်မည်။ ပိုမိုခက်ခဲသောလမ်းကြောင်းသည် မိမိနှင့်သဟဇာတဖြစ်မည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ ပဋိပက္ခကြားမှ ထူးခြားသော တိုးတက်မှုရမည်။ ကောင်းသော အပြောင်းအလဲများဖြစ်ပေါ်မည်။ အလွန်ရင်းနှီးသော မိတ်ဟောင်းများနှင့် စိတ်ဝမ်းကွဲတတ်သည်။ ပူးတွဲလုပ်ကိုင်နေမှုများ နှစ်ခွအလွန်ဝွကျရမည့် အနေအထားကြုံမည်။ လွန်ခဲ့သော ကာလအတန်ကြာက ဆက်သွယ်ထားပြီး ပြန်စာမရမေ့ထားလိုက်သောကိစ္စမှ ပြန်လည်အသက်ဝင်လာသော လုပ်ငန်းသစ် ဆောင်ရွက်ရကိန်းရှိသည်။ ဤကာလအတွင်း ရက်ကောင်းများ - ၂၂၊ ၂၃၊ ၆၊ ၇၊ ၈။ ရက်ဆိုးများ - ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၁၊ ၂၊ ၅ ။ ထူးခြားရက်များ - ၂၅၊ ၃၊ ၄ ။ ကံကောင်းစေသောအရောင် - အဝါရောင်၊ ရွှေအိုရောင်၊ အနီရောင် ။ အကျိုးပေးဂဏန်း - ၁၊ ၂၊ ၅၊ ၇ ။ ယတြာ - ကြိမ်ခြင်းတောင်းတစ်ခုအတွင်း ကျောက်စရစ်ခဲထည့်ပြီး အနီးအပါးတွင်ထားပါ။

ချမ်းမြေ့မေတ္တာ တုန့်ပြန်ပါသည်။
စံ - ဇာဏီဘို




## ဗိုလ်ချုပ်အောင်ဆန်း (၁၀၁) နှစ်မွေးနေ့ (ကလေးများနေ့ အထိမ်းအမှတ်အဖြစ်) ပုတက်မိသားစုအလှူ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာကျရောက်သော ဗိုလ်ချုပ်အောင်ဆန်း (၁၀၁) နှစ်မွေးနေ့ (ကလေးများနေ့အထိမ်းအမှတ်အဖြစ်) ပါရမီလမ်း မိဘမဲ့မိန်းကလေးကျောင်းနဲ့ ကျိုက်ဝိုင်း မိဘမဲ့ မသန်စွမ်းကျောင်းတို့မှာ ကလေးများပျော်ရွှင်စေဖို့ အရုပ်အစုံအလင်နဲ့ ပုတက်ဂျာနယ်များ လှူဒါန်းပေးခဲ့ပါတယ်။







## ကျောက္ကာကျေးရွာ မီးဘေးသင့်ပြည်သူတွေအတွက် STRATEGY FIRST INSTITUTE မှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်

ကျောက္ကာကျေးရွာမီးဘေးသင့်ပြည်သူတွေအတွက် ရန်ကုန်အခြေစိုက် ပရဟိတလူငယ်အဖွဲ့မှတစ်ဆင့် **STRATEGY FIRST INSTITUTE** နဲ့ ပုတက်ကာတွန်းဂျာနယ်အဖွဲ့သားများမှ လိုအပ်လျက်ရှိတဲ့ အိုးခွက်၊ ပန်းကန်အသုံးအဆောင်ပစ္စည်းများနဲ့ ငွေကျပ် (၁၀) သိန်းတိတိ လှူဒါန်းပြီး ဖြစ်ပါတယ်။ ပါဝင်လှူဒါန်းလိုသူများကိုလည်း **STRATEGY FIRST INSTITUTE** မှာ ဆက်သွယ်လှူဒါန်းကြဖို့ နှိုးဆော်တိုက်တွန်းပါတယ်။

ဖေဖော်ဝါရီ (၁၃) ရက် တနင်္ဂနွေနေ့တိုင်း၊ ပုလောမြို့နယ် ကျောက္ကာကျေးရွာမှာဖြစ်ပွားခဲ့တဲ့ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၂၉၇ လုံး ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၄၁၅ စုမှ လူဦးရေ ၁,၅၆၄ ဦး ထိခိုက်ခဲ့ပါတယ်။


ကျေးရွာပြန်လည်ထူထောင်နေမှုအား တွေ့ရစဉ်

# သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

## STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

**SFJ** ဂျာနယ်ကို **STRATEGY FIRST INSTITUTE** မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

## *The* STRATEGY FIRST *Times*



လစဉ်ထုတ် **STRATEGY FIRST JOURNAL** နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော *The* **STRATEGY FIRST** *Times* တို့မှာ

## ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com